# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၄၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်**

**(၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**[**ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။**]**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၇၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၅၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြား ရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၃ ရက်၊

(၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၇ ရက်၊

(၃) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၃ ရက်၊

(၄) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၅) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ် ခွင့် ၁ ရက်၊

(၆) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ရက်၊

**မူကြမ်း**

(၇) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၈) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၁၀ ရက်၊

(၉) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၁၀) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၃ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၂) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက်၊

(၁၃) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

(၁၄) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ခွင့် ၁ ရက်နှင့်

(၁၅) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ လွှတ်တော်သို့ ပေးပို့ရန်ပြုစုနေသော ဥပဒေကြမ်း မည်မျှရှိ၍ ၎င်းဥပဒေကြမ်းများ၏အမည်များကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ဟာ ၂၀၁၁ ခုနှစ်မှာ ဥပဒေပေါင်း ၁၅ ခု၊ ၂၀၁၂ ခုနှစ်မှာ ဥပဒေပေါင်း ၂၄ ခု၊ ၂၀၁၃ ခုနှစ်မှာ ဥပဒေပေါင်း ၃၇ ခု၊ ၂၀၁၄ ခုနှစ်မှာ ဥပဒေပေါင်း ၅၇ ခု၊ ၁၁-၄-၂၀၁၅ ရက်နေ့အထိ ဥပဒေပေါင်း ၂၆ ခု စုစုပေါင်း ၁၁-၄-၂၀၁၅ ရက်နေ့အထိ အတည်ပြု ပြဋ္ဌာန်းပြီးတဲ့ ဥပဒေပေါင်းဟာ ၁၅၉ ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိလည်းပဲ ဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် စိစစ်ဆွေးနွေးဆောင်ရွက်လျက်ရှိကြပါတယ်။ နောက်ထပ် ရောက်ရှိလာမယ့် ဥပဒေများကိုလည်းပဲ စိစစ်ဆွေးနွေးအတည်ပြုနိုင်ရန်အတွက် လွှတ်တော်က အသင့် ဖြစ်လျက်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါသောကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ လွှတ်တော်သို့ပေးပို့ရန် ပြုစုနေသောဥပဒေကြမ်း မည်မျှရှိပါသနည်း။ ၎င်းဥပဒေကြမ်းများ၏ အမည်များကို သိရှိလိုပါ၍ ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးမေးမြန်းတဲ့မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေအနေနဲ့ မိမိတို့စီမံခန့်ခွဲတဲ့ဥပဒေတွေကို ပြင်ဆင်ဖို့၊ ရုပ်သိမ်းဖို့၊ အစားထိုးပြဋ္ဌာန်းဖို့၊ ဥပဒေအသစ်ပြဋ္ဌာန်းဖို့ရှိလို့ရှိရင် သက်ဆိုင်ရာပြင်ဆင်တဲ့ဥပဒေမူကြမ်းနဲ့ အသစ်ပြဋ္ဌာန်းလိုတဲ့ဥပဒေမူကြမ်းတွေကို ကနဦးရေးဆွဲပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ပေးပို့၍ ဥပဒေအကြံဉာဏ်တောင်းခံပါတယ်။ ဒီလိုဥပဒေအကြံတောင်းခံတဲ့အခါမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ဥပဒေမူကြမ်းမှာပါတဲ့အချက်အလက်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှုရှိ/မရှိ၊ တည်ဆဲဥပဒေတွေနဲ့ ဆန့်ကျင်မှုရှိ/မရှိ၊ နိုင်ငံတော်က ချမှတ်ထားတဲ့မူဝါဒတွေနဲ့ ညီညွတ်ခြင်းရှိ/မရှိ၊ အများပြည်သူရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မှုရှိ/မရှိ၊ နိုင်ငံတော်ရဲ့လုံခြုံရေး၊ အများပြည်သူရဲ့လုံခြုံရေးကို ထိခိုက်မှုရှိ/မရှိ၊ မြန်မာနိုင်ငံကလက်ခံထားတဲ့ အပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းများနဲ့ ဒေသဆိုင်ရာသဘောတူစာချုပ်ပါအချက်များနဲ့ လိုက်လျောညီမှုရှိ/မရှိ စတဲ့အချက်တွေကို အခြေခံပြီးတော့လည်းကောင်း၊ ရေးထုံးရေးနည်းမှန်ကန်ဖို့လည်းကောင်း စိစစ်အကြံပြုပါတယ်။ ဥပဒေမူကြမ်းပေးပို့တဲ့ ဝန်ကြီးဌာနအဖွဲ့အစည်းများက ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ စိစစ်အကြံပြုချက်အရ လိုအပ်တာတွေကို ပြင်ဆင်၊ ဖြည့်စွက်၊ ရေးသားပြီးတော့ ထပ်မံစိစစ်ပေးဖို့ပေးပို့ခြင်း ဒါမှမဟုတ်လို့ရှိရင်လည်း ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကိုတင်သွင်းခြင်းများ ပြုလုပ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ဝန်ကြီးဌာနအဖွဲ့အစည်းများကပေးပို့တဲ့ ဥပဒေမူကြမ်းတွေနဲ့စပ်လျဉ်းပြီးတော့ စိစစ်အကြံပြုရာမှာ တစ်ကြိမ်သာစိစစ်အကြံပြုရတဲ့ ဥပဒေမူကြမ်းတွေရှိသလိုပဲ ထပ်မံပေးပို့အကြံတောင်းခံတဲ့အတွက်ကြောင့်မို့လို့လည်း အကြိမ်ကြိမ်စိစစ်အကြံပြုရတဲ့ ဥပဒေမူကြမ်းတွေလည်းရှိပါတယ်။

ဝန်ကြီးဌာနအဖွဲ့အစည်းအသီးသီးကပေးပို့တဲ့ ဥပဒေမူကြမ်းတွေကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက စိစစ်အကြံပြုခဲ့တာဟာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်စတင်တဲ့ ၂၀၁၁ ခုနှစ် မတ်လမှ ဒီဇင်ဘာလအထိ ၇၆ ကြိမ်၊ ၂၀၁၂ ခုနှစ်မှာ ၆၀ ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ ၆၁ ကြိမ်၊ ၂၀၁၄ ခုနှစ်မှာ ၈၁

ကြိမ်နဲ့ ၂၀၁၅ ခုနှစ်မှာ ယနေ့အထိ ၂၂ ကြိမ် စုစုပေါင်း အကြိမ် ၃၀၀ စိစစ်အကြံပြုခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးက စိစစ်ပြန်ကြားခဲ့ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေပြီးတော့ ဥပဒေပြဌာန်းနိုင်ဖို့ ဆက်လက်ဆောင်ရွက်လျက်ရှိတဲ့ ဥပဒေပေါင်း ၁၃၇ ခုရှိပါတယ်။ ယင်းတို့အနက် အုပ်ချုပ်ရေးကဏ္ဍနှင့်ဆိုင်တဲ့ဥပဒေ ၂၁ ခု၊ လူမှုရေး ကဏ္ဍနှင့်ဆိုင်တဲ့ဥပဒေ ၄၂ ခု၊ စီးပွားရေးကဏ္ဍနှင့်ဆိုင်တဲ့ဥပဒေ ၃၀ ခု၊ အထွေထွေကဏ္ဍနှင့်သက်ဆိုင် တဲ့ဥပဒေ ၄၄ ခုရှိပါတယ်။ ဥပမာအားဖြင့် အုပ်ချုပ်ရေးကဏ္ဍနှင့်သက်ဆိုင်တဲ့ဥပဒေများမှာ တရားခံ လွှဲပြောင်းရေးဥပဒေ၊ မော်တော်ယာဉ်ဥပဒေ၊ လောင်းကစားဥပဒေကိုပြင်ဆင်တဲ့ဥပဒေ၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေ၊ နယ်စပ်ဒေသလုံခြုံရေးနှင့် လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဆိုင်ရာဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်တဲ့ဥပဒေ၊ ပေါက်ကွဲစေတတ်တဲ့ ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေ၊ မြို့ပြလေ ကြောင်းလုံခြုံရေးအတွက် အကြမ်းဖက်ကျူးလွန်သူများအား တားဆီးနှိမ်နင်းရေးဥပဒေ၊ မြန်မာနိုင်ငံ အကျဉ်းထောင်များဥပဒေ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဥပဒေ၊ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာများဥပဒေကိုပြင်ဆင်သည့်ဥပဒေ စသည်တို့ဖြစ်ပါတယ်။

စီးပွားရေးကဏ္ဍနှင့်သက်ဆိုင်တဲ့ဥပဒေများကိုတင်ပြရရင် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ၊ ပြည်ထောင်စုငါးလုပ်ငန်းဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေ၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဥပဒေ၊ မြန်မာနိုင်ငံကုန်သည်သင်္ဘောဥပဒေကိုပြင်ဆင်တဲ့ဥပဒေ၊ ရေခွန်နှင့် တာတမံခွန်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ၊ မွေးမြူရေးဥပဒေ၊ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာ ရေးဥပဒေ၊ ငွေစုဘဏ်လုပ်ငန်းများဥပဒေကို ပြင်ဆင်တဲ့ဥပဒေ၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ၊ ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ စသည်ဖြင့်ဖြစ်ကြပါ တယ်။ လူမှုရေးကဏ္ဍနှင့်သက်ဆိုင်တဲ့ဥပဒေတွေကိုတင်ပြရလျှင် ဘုရားစေတီနှင့်ဗုဒ္ဓသာသနိက အဆောက်အုံများဂေါပကအဖွဲ့ဆိုင်ရာဥပဒေ၊ တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ၊ မြန်မာနိုင်ငံအမျိုးသားအားကစား ကော်မတီဥပဒေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ လှူဒါန်းခြင်းဆိုင်ရာဥပဒေ၊ သွေးနှင့်သွေးပစ္စည်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းဥပဒေ၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ကိုပြင်ဆင်သည့်ဥပဒေ၊ ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဥပဒေ စသည်တို့ဖြစ်ကြပါ

တယ်။ အထွေထွေကဏ္ဍနှင့်သက်ဆိုင်တဲ့ဥပဒေများကို တင်ပြရလျှင် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်နှင့် ဝန်ဆောင်မှုအမှတ်တံဆိပ်ဥပဒေ၊ မူပိုင်ခွင့်ဥပဒေ၊ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ၊ အခွန်အယူခံ ခုံအဖွဲ့ဥပဒေ၊ တိကျစွာတိုင်းတာခြင်းနည်းပညာဥပဒေ၊ မြန်မာနိုင်ငံဆေးပညာနှီးနွယ်ဘွဲ့ဒီပလိုမာလက်မှတ်များဆိုင်ရာဥပဒေ၊ တာတမံအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၊ မြန်မာ့မီးရထားဥပဒေ၊ မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးဥပဒေ၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ စသည်တို့ဖြစ်ကြပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ဥပဒေကြောင်းအရလည်းကောင်း၊ ရေးထုံးရေးနည်းအရလည်းကောင်း စိစစ်အကြံပြုချက်များအရ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများကလည်း လိုအပ်သလိုပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ရေးထုံးရေးနည်းမှန်ကန်စေရန် အပြီးသတ်ရေးဆွဲခြင်းတို့ ဆောင်ရွက်ပြီးတဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ပြည်ထောင်စုရှေ့နေချုပ်ရုံးကို စိစစ်အကြံပြုရန်ပေးပို့တဲ့ဥပဒေမူကြမ်းများအပေါ်မှာ အခြေခံပြီးတော့ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးမေးမြန်းတဲ့မေးခွန်းကို ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၄၄ ပုဒ်မခွဲ(ဃ)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းအား မေးမြန်းတင်ပြခွင့်ပြုပါခင်ဗျား။ အခု သက်ဆိုင်ရာဌာနကနေပြီးတော့စိစစ်နေတဲ့ဥပဒေများဟာ များပြားလှပါတယ်။ ဒီလိုများပြားတဲ့ဥပဒေများကို စိစစ်တဲ့အခါမှာ သက်ဆိုင်ရာဌာနအနေနဲ့ ဝန်ထမ်းတွေကို ထပ်မံတိုးချဲ့ပြီးတော့ဆောင်ရွက်ခဲ့တာများ ရှိသလား။ မရှိဘူးဆိုရင် ရှိတဲ့ဝန်ထမ်းနဲ့ရော လောက်ငပါသလားဆိုတဲ့မေးခွန်းတစ်ချက်၊ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီအထဲမှာ မော်တော်ယာဉ်ဥပဒေကိုစိစစ်နေတယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ ဒီမော်တော်ယာဉ်ဥပဒေမှာ အခု နေပြည်တော်၊ မန္တလေးမှာ ဒဏ်ငွေတပ်ရိုက်တဲ့ကိစ္စတွေမှာ တည်ဆဲမော်တော်ယာဉ် ဥပဒေက ဒဏ်ငွေ ၁၅၀၀၊ ယာဉ်စည်းကမ်းဖောက်ဖျက်ရင် ၁၅၀၀ ပဲရှိပါတယ်။ အခု မန္တလေး၊ နေပြည်တော်မှာ ရိုက်နေတာသည် သောင်းနှင့်ချီပြီးရိုက်ခံနေရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဌာနအနေနဲ့ ဘယ်လိုမှတ်ချက်မျိုး အမြင်လေးများရှိသလဲဆိုတဲ့တစ်ချက် ကျွန်တော်

သိရှိလိုပါတယ်။ နောက်အချက်ကတော့ ကျွန်တော်တို့ အများသုံးနေတဲ့ ရာဇသတ်ကြီးဥပဒေဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဒဏ်ငွေတွေနည်းလို့ တင်လာတာရှိပါတယ်။ သို့သော်လည်းပဲ မူရင်းက အင်္ဂလိပ်လို ဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ ဒါကိုပြန်ပြီးတော့ မြန်မာလို ပြန်ဆိုပြီးမှသာလျှင် အတည်ဖြစ်နိုင်မယ် ဆိုပြီးတော့ ကျွန်တော်တို့ ဒါကို ထားရှိခဲ့ပါတယ်။ ဒီရာဇသတ်ကြီးလိုဟာမျိုးကိုလည်း ဘယ်လိုအချိန်မျိုးမှာ ဘာသာပြန်ပေးနိုင်မလဲဆိုတဲ့ဟာလေး ကျွန်တော့်အနေနဲ့ သိရှိလိုပါကြောင်း တစ်ဆက်တစ်စပ်တည်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဝန်ထမ်းများလောက်သေလား ဆိုတဲ့ကိစ္စရပ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်က ဥပဒေရေးဆွဲရေးဌာနမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဌာနခွဲဆိုပြီးတော့ ညွှန်ကြားရေးမှူးတစ်ယောက်ဦးစီးတဲ့ဌာနခွဲလေးတစ်ခု တိုးချဲ့ဖွင့်လှစ်ခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့ အခု အဓိကကတော့ ဝန်ထမ်းများလောက်သေလားဆိုတာထက် ဝန်ထမ်းတွေဟာ အရည်အချင်းပြည့်မီတဲ့ဝန်ထမ်းတွေဖြစ်ဖို့က အဓိကပိုပြီးတော့ ကျွန်တော်တို့ရုံးမှာ ဒီဟာလေးရှိနေပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော်တို့လည်း အခု သင်တန်းတွေ တောက်လျှောက်အရည်အချင်းတွေ ပြည့်မီအောင်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဥပဒေများအကြံပြုတဲ့နေရာမှာတော့ ကျွန်တော်တို့ရုံးမှာ ကြန့်ကြာမှုမရှိစေရအောင် တစ်လ၊ နှစ်လအတွင်းမှာအားလုံးပြီးပြတ်အောင် လက်ကျန်လည်း ကျွန်တော်တို့ရုံးမှာ ၁၅ ခု၊ အခု ၂၀ ထက်ပိုပြီးတော့ လက်ကျန်မရှိပါဘူးဆိုတာလေး ကျွန်တော်တင်ပြလိုပါတယ်။ ဒါကတော့ ဝန်ထမ်းများကျွန်တော်တို့ဆောင်ရွက်နေတဲ့အခြေအနေမှာ ကျွန်တော်တို့ရုံးအနေနဲ့တော့ အချိန်မီဆောင်ရွက်ပေးနိုင်ဆဲပဲရှိပါတယ်ဆိုတာလေး ဒါလေးတင်ပြအပ်ပါတယ်။

နောက်တစ်ခုကတော့ မော်တော်ယာဉ်ဥပဒေကတော့ အခု မြန်မာ့မီးရထားကစီမံခန့်ခွဲတဲ့ဥပဒေဖြစ်ပါတယ်။ ယခု ကျွန်တော်သိသလောက်ကတော့ အစိုးရအဖွဲ့ကိုတင်ဖို့ အောက်ကဖွဲ့စည်းပေးထားတဲ့ ဒုတိယသမ္မတ-(၂) ဦးစီးတဲ့ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို တင်ပြပြီးတော့ ညှိနှိုင်းဆောင်ရွက်နေတဲ့အဆင့်လို့သိရပါတယ်။ ဒီဒဏ်ငွေကိစ္စတွေလည်း မနေ့ကပဲ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဒုတိယသမ္မတ-(၂) ဦးစီးပြီးတော့ အစည်းအဝေးကျင်းပတဲ့နေရာမှာ ဒါတွေလည်း ဆွေးနွေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပဒေမှာ ယခင်က ဒဏ်ငွေတွေဟာ

အင်မတန်မှနည်းပြီး ကျွန်တော်မှတ်မိသလောက် ၁၅၀၀ လောက်ပဲ ဒဏ်ငွေရှိပြီးတော့ တကယ်တမ်း တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာကျတော့ စီမံခန့်ခွဲရေးနည်းလမ်းတွေနဲ့ အရေးယူဆောင်ရွက်နေတယ်။ ငွေတွေလည်း ပိုမိုတိုးချဲ့ပြီးတော့ဒဏ်ရိုက်နေတယ်။ ဒီဟာတွေနဲ့ပတ်သက်ပြီးတော့လည်း တင်ပြနေတာတွေရှိတဲ့အကြောင်း ကျွန်တော်တို့လည်းကြားသိရပါတယ်။ ဒါကြောင့်မို့လို့ အခု ဒီမော်တော်ယာဉ်ဥပဒေမှာတော့ ခေတ်နှင့်လျော်ညီတဲ့ဒဏ်ကြေးတွေကို ပြန်လည်ပြင်ဆင်သတ်မှတ်ထားကြောင်း သိရှိရပါတယ်။ ဒီဒဏ်ကြေးတွေ၊ ဒီမော်တော်ယာဉ်ဥပဒေ အတည်ပြုပြဌာန်းပြီးတဲ့အခါမှာတော့ ဒီဟာတွေဟာ တရားရုံးကပဲ ဒဏ်ရိုက်ပြီးတော့ စီမံခန့်ခွဲရေးနည်းလမ်းတွေနဲ့ ဆောင်ရွက်တဲ့ဟာတွေဟာ ပပျောက်သွားမယ်လို့ ကျွန်တော် ယူဆပါတယ်။ အသေးစိတ်ကတော့ စီမံခန့်ခွဲတဲ့ ဝန်ကြီးဌာနက ပိုပြီးတော့သိရှိမှာဖြစ်ပါတယ်။ အကြမ်းဖျင်း အဲဒီလောက်တော့ ကျွန်တော် မှတ်မိပါတယ်။

နောက် ရာဇသတ်ကြီးဥပဒေကို ဘာသာပြန်တဲ့ကိစ္စဆိုတာတော့ ရာဇသတ်ကြီးဥပဒေကတော့ တရားဝင်ဘာသာပြန်ထားတဲ့ တစ်ခုတည်းသောဥပဒေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု ရာဇသတ်ကြီးဥပဒေနဲ့ပတ်သက်ပြီးလို့ကတော့ ဘာသာပြန်ပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒါ မြန်မာလိုပဲပြင်ဆင်လို့ရတဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းနဲ့ဆက်စပ်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့လည်း ဆက်လက်ပြီးတော့ မေးမြန်းလိုပါတယ်။ အပြင်မှာ ပြောနေတာပေါ့။ ဥပဒေတစ်ခုပြဋ္ဌာန်းဖို့ ပြည်ထောင်စုလွှတ်တော်ကိုပေးပို့ဖို့ဆိုရင် အချိန် လအတော်အတန်ပေါ့လေ။ တချို့ဆိုရင် လေးလ၊ ငါးလ၊ ခြောက်လလောက် အထိကြာတယ်။ အဲဒါပြီးတော့မှ ပြည်ထောင်စုလွှတ်တော်ကို ရောက်တယ်။ ပြည်ထောင်စုလွှတ်တော် ရောက်တဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်ကလည်း ဒီဥပဒေပြဋ္ဌာန်းဖို့ လွှတ်တော်တစ်ခုကို ချပေးတာရှိပါတယ်။ ဥပမာပြောရမယ်ဆိုရင် အမျိုးသားပညာရေးဥပဒေ၊ သတ္တုတွင်းဥပဒေ၊ လျှပ်စစ်ဥပဒေ အဲဒါတွေကို လွှတ်တော်အတွင်းမှာ ဥပဒေများ ပြဋ္ဌာန်းနိုင်ဖို့အတွက် ဥပဒေကြမ်းများရေးဆွဲပြီးတော့ သက်ဆိုင်ရာလွှတ်တော်တွေမှာ ဆွေးနွေးခဲ့ရတာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဥပဒေတွေ ပြဋ္ဌာန်းဖို့လိုတယ်။ သက်ဆိုင်ရာဌာနက မလာသေးလို့ လွှတ်တော်အတွင်းမှာ ဒီဥပဒေကြမ်းတွေရေးဆွဲပြီးတော့ လွှတ်တော်အတွင်းမှာ ဆွေးနွေးနေတယ်။ အဲဒီအချိန်ကျတော့မှ ဒီဥပဒေတွေကို အကြံပြုဆွေးနွေးဖို့ရှိပါတယ်ဆိုပြီးတော့ သက်ဆိုင်ရာဌာနတွေကလာပြီးတော့ မေတ္တာရပ်ခံတာလည်းရှိပါတယ်။ လွှတ်တော်

အနေနဲ့လည်း ဒါကို ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့တယ်။ နောက် တကယ်တမ်းကျတဲ့အခါကျတော့ လွှတ်တော်ထဲမှာ ဆွေးနွေးအကြံပြုဖို့မဟုတ်ဘဲနဲ့ အသင့်ရေးဆွဲထားတဲ့ဥပဒေကြမ်းတွေ ယူပြီးတော့ လွှတ်တော်ထဲရောက်လာတာရှိပါတယ်။ ဒါ ဘာကြောင့်ဖြစ်ရသလဲဆိုရင် လွှတ်တော်ကတော့ အသင့် တင်လာတဲ့ ဥပဒေကြမ်းတွေကိုပဲ လွှတ်တော်ထဲမှာ ဆွေးနွေးချင်တယ်။ ဒီဥပဒေတွေဟာလည်း အမှန် တကယ်လိုအပ်တဲ့ဥပဒေတွေဖြစ်နေတယ်။ သို့သော် ဒါတွေကို သက်ဆိုင်ရာကနေပြီးတော့ အသစ် ပြင်ဆင်ရေးဆွဲခြင်း၊ ပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်ခြင်းမပြုတဲ့အတွက် လွှတ်တော်က လွှတ်တော်ကိုယ်စား လှယ်များ၊ လွှတ်တော်ကော်မတီများ ဆောင်ရွက်နေတာရှိပါတယ်။ ဒါ ဘာကြောင့် ဒီလိုဖြစ်လဲဆိုတဲ့ အခါမှာ အကြောင်းပြချက်ကတော့ ဒီဥပဒေတစ်ခုကို သက်ဆိုင်ရာဝန်ကြီးဌာနက စပြီးတော့ မူကြမ်း အဖြစ်၊ ဥပဒေကြမ်းအဖြစ် ဆောင်ရွက်မယ်ဆိုရင် အဆင့်ဆင့်ပေါ့။ ရှေ့နေချုပ်ရုံး ပြီးတဲ့အခါမှာ အစိုးရအဖွဲ့ (Cabinet) စသဖြင့်ပေါ့လေ။ ဒီလို အသွားအပြန်တွေက အချိန်တော်တော်ကြာတယ် ပြောပါတယ်။

ဒါကြောင့်မို့လို့ ဥပဒေကြမ်းတစ်ခုကို ပြုစုတဲ့နေရာမှာ လောလောဆယ် ရှေ့နေချုပ်ရုံးဘက်မှာ သို့မဟုတ် ပြည်ထောင်စုအစိုးရဘက်မှာ ဘယ်လိုများ ဆောင်ရွက်နေသလဲဆိုတဲ့ Procedure လည်း သိချင်ပါတယ်။ ပြီးတဲ့အခါမှာ အဲဒီလိုလုပ်တဲ့အခါမှာ အချိန်ဘယ်လောက်အတွင်းမှာ အမြန်ဆုံး ပြီးသွားနိုင်သလဲ။ သို့မဟုတ် အကြာဆုံးဘယ်လောက်ရှိခဲ့တယ်ဆိုတဲ့ဟာလည်း သိချင်ပါတယ်။ နောက်တစ်ခုက ဒီနေ့ တိုက်ရိုက်မေးထားတဲ့မေးခွန်းမှာပဲ။ ဒါဘာလဲဆိုရင် ဒီနေ့ ရှေ့နေချုပ်ရုံးမှာ ရောက်နေတဲ့ ဥပဒေကြမ်းဘယ်နှစ်ခုရှိပါသလဲဆိုတာကို အခု ဖြေနိုင်ရင်ဖြေပေးပါ။ နောက်ဆုံး သို့မဟုတ်လို့ရှိရင်တော့ ဖြေနိုင်တဲ့အချိန်မှာ စာနဲ့ပဲ ပေးပို့ပေးပါ။ ဒီပေါ်မူတည်ပြီးတော့ လွှတ်တော် ဘက်ကလည်း ဒီလိုတက်လာတဲ့ဥပဒေကြမ်းများကို အသင့်ပြင်ဆင် ထားပြီးတော့ ဒီတစ်ပတ် ပြည်ထောင်စုလွှတ်တော် ပထမသက်တမ်းအတွင်းမှာ ဒီဥပဒေများကို အပြီး ပြဋ္ဌာန်း၊ ပြင်ဆင်၊ ပယ်ဖျက် ပေးချင်တဲ့အတွက် ဒီလိုဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဒီလောက်ပါပဲ။ နံပါတ်(၁)က Procedure။ ပြီးတဲ့အခါမှာ အချိန်ဘယ်လောက်ကြာသလဲ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းတင်သွင်းတဲ့ Procedure အနေနဲ့တော့ အခုနက ကျွန်တော် တင်ပြတဲ့ အထဲမှာလည်း အကျဉ်းလေးတော့ပါခဲ့ပါတယ်။ ကျွန်တော်တို့ဆီကိုတော့ ဝန်ကြီးဌာနအဖွဲ့အစည်းများ ကနေပြီးတော့ သူတို့ ပြင်ဆင်သင့်တဲ့ဥပဒေတွေ၊ အသစ်ရေးဆွဲသင့်တဲ့ဥပဒေတွေ သူတို့ သုံးသပ်ပြီး တဲ့အခါမှာ ဝန်ကြီးဌာနတွေကနေပြီးတော့ ကျွန်တော်တို့ရုံးကို တင်ပြလာပါတယ်။ ကျွန်တော်တို့ရုံး တင်ပြတဲ့အခါမှာတော့ ကျွန်တော်တို့ရုံးဟာ အလွန်ဆုံး နှစ်လလောက်အတွင်းမှာ ကျွန်တော်တို့ အကြောင်းပြန်ကြားပြီးတော့ သူတို့ကို အကြံပြုပြန်ကြားချက်တွေ ပြန်ကြားပေးခဲ့ပါတယ်။ ပြန်ကြားတဲ့ အခါမှာ အခုနက ကျွန်တော်တင်ပြသလိုပဲ ကျွန်တော်တို့အကြံပြုချက်တွေနဲ့အညီ ပြင်ဆင်ပြီးရင်တော့ အမှန်မှာတော့ ဝန်ကြီးဌာနများအနေနဲ့ ဆက်လက်ပြီးတော့ အစိုးရအဖွဲ့ကို တင်သွင်းသွားလို့ရပြီ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဝန်ကြီးဌာနများအနေနဲ့ကလည်း ပိုမိုပြီးတော့ ဥပဒေနဲ့ အညီဖြစ်စေရန် စသဖြင့် တချို့ကလည်း ပူပင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရုံးကို တစ်ခါထပ်ပြီးတော့ ဒီဟာတွေ ကျွန်တော်တို့ပေးထားတဲ့ အကြံပြုချက်တွေအတိုင်း သူတို့လုပ်ပြီးတာမှန်ရဲ့လားလို့ တစ်ခါပြန်ပြောတာ၊ ပြန်တင်ပြလာတာ မျိုးလည်းရှိပါတယ်။ ဥပဒေများကတော့ ကြည့်လိုက်တိုင်း၊ စိစစ်လိုက်တိုင်းမှာ အချိန် ယူပြီးလုပ်ရင်လုပ်ရသလောက် ပိုမိုပြီးတော့ ပြည့်စုံအောင်၊ ကောင်းအောင်ဆောင်ရွက်နိုင်တဲ့အနေ အထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့တင်ပြလာတော့လည်း တစ်ခါ ကျွန်တော်တို့က ယခင် ဟာတွေ လိုအပ်တာတွေရော ထပ်ပြီးတော့ တွေ့တာရော တစ်ခါပြန်ပြီးတော့ ပြောရပြန်ပါတယ်။ အဲဒီအခါကျတော့လည်း သူတို့က ထပ်ပြန်ဆွဲပြီးတော့ အဲဒီအချိန်လေးတွေ သူတို့ဝန်ကြီးဌာနများမှာ လည်းကြန့်ကြာတာရှိပါတယ်။

နောက်တစ်ခုကလည်း အခု အစိုးရအဖွဲ့အနေနဲ့လည်း တစ်ခါပိုမိုပြီးတော့ မြန်ဆန်အောင်ဆိုပြီး တော့ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဖွဲ့ပြီးတော့ ဒီကနေပြီးတော့ တင်လာတဲ့ကိစ္စ ဆိုလို့ရှိရင် တစ်ခါတည်း ဟိုမှာ မဆွေးနွေးရတော့ဘဲနဲ့ အတည်ပြုနိုင်အောင်ဆိုပြီးတော့ အဲဒီလိုတင်ပြ စေတာလည်း ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ အခု ဝန်ကြီးဌာနများအနေနဲ့တော့ ဒီဘက်က အခုနက သူတို့ ကျွန်တော်တို့ရုံးက အကြံပြုချက်တွေကို ပြင်ဆင်ပြီးတဲ့အခါမှာ သူတို့ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို အရင်တင်တယ်။ အဲဒီကနေပြီးတော့မှ အစိုးရအဖွဲ့ကို တင်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းတာဖြစ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ⊞ဌ**။ ။ ကြာမြင့်တဲ့အချိန်က။ အခုနက ဝန်ကြီးဌာနက စတင်တယ်။ အခုနက ရွှေ့နေ ချုပ်ရုံးမှာ နှစ်လဝန်းကျင်လောက်ကြာတယ်။ တစ်ခါ ဝန်ကြီးဌာန ပြန်ပို့တယ်။ ဝန်ကြီးဌာနမှာ တစ်ခါ ပြန်စိစစ်ပြီးတော့ ရွှေ့နေချုပ်ရုံးတင်တယ်။ ဒီကြားက ဘယ်လောက်ကြာလဲ။

**ဦးထွန်းထွန်းဦး(ဒုတိယရွှေ့နေချုပ်၊ ပြည်ထောင်စုရွှေ့နေချုပ်ရုံး)**။ ။ ကျွန်တော်တို့ တချို့ လည်း မြန်တာရှိသလို၊ တချို့လည်းနှစ်နဲ့တောင် ကြာသွားတာလည်းရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် ဥက္ကဋ္ဌကြီးမေးသလို ကျွန်တော်တို့ရုံးမှာ ဧပြီလအထိ လက်ကျန်ပြင်ဆင်တဲ့ ဥပဒေတစ်ခုရယ်၊ အစားထိုးပြဋ္ဌာန်းတဲ့ဥပဒေ ငါးခုရယ်၊ ဥပဒေသစ် ဆယ်ခု။ ကျွန်တော်တို့ ဒါပဲ ကျွန်တော်တို့ရုံးမှာ လက်ကျန်ရှိပါတယ်။ ပြီးခဲ့တဲ့လထဲမှာ ဆောင်ရွက်ပြီးစီးခဲ့တာ အကြံပြုပြန်ကြားပေးခဲ့တာ ၂၆ ခုရှိ ပါတယ်။ ရုံးအနေနဲ့တော့ အခုနက အတတ်နိုင်ဆုံး၊ အမြန်ဆုံး အကြံပေးများ ပြန်ကြားနေတယ်ဆို တာလေး ဒါ တင်ပြအပ်ပါတယ်။ တချို့ အခုနက ဥက္ကဋ္ဌကြီးပြောတာ သိပ်တော့မရှင်းလိုက်ဘူး။ ဥပဒေတွေ ဒီမှာ လွှတ်တော်မှာ ဆွေးနွေးနေစဉ်မှာ ဝန်ကြီးဌာနများက တစ်ခါထပ်ပြီးတော့ ဥပဒေ အသစ်တင်လာတယ်ဆိုတဲ့ကိစ္စကတော့ လွှတ်တော်မှာတော့ ကျွန်တော်တို့ ဥပဒေအမည်တူ၊ အကြောင်း အရာတူဆိုလို့ရှိရင်တော့ လွှတ်တော်က လက်ခံစဉ်းစားတဲ့ဥပဒေတစ်ခုအပေါ်မှာပဲ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ ဆက်လက်ပြီးဆွေးနွေးရမယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

ဥပဒေနှစ်ခု မတင်ရဘူးလို့ ဥပဒေမှာ ပြဋ္ဌာန်းချက်မရှိသော်လည်းပဲ ဒါက လွှတ်တော်ရဲ့ လုပ်ပိုင် ခွင့်ဖြစ်ပြီးတော့ အခုနက အကြောင်းအရာတူ၊ ခေါင်းစဉ်တူ၊ အမည်တူ၊ အနှစ်သာရတူတဲ့ကိစ္စတွေ မှာတော့ လက်ခံဖို့ လွှတ်တော်က ဆုံးဖြတ်ထားတဲ့ဥပဒေအပေါ်မှာ ထပ်မံပြီးတော့ လိုအပ်တဲ့အချက် အလက်များကို ပြင်ဆင်ဖြည့်စွက်သွားခြင်းကတော့ အခုနက နှစ်ခု ဆွေးနွေးရန်မလိုဘူးလို့ ကျွန်တော့် အနေနဲ့ မြင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မှန်ပါတယ်။ ဒါကြောင့်မို့လို့ မူလတုန်းကတော့ လွှတ်တော်က ဆွေးနွေးတဲ့ ဥပဒေတွေကို အကြံပြုချင်လို့ အချိန်တစ်ခုစောင့်ပေးပါ။ စောင့်ခဲ့တယ်။ နောက်တကယ်လာတဲ့အခါကျ တော့ အကြံပြုချက်မဟုတ်ဘူး။ အသင့်ပြုစုထားတဲ့ ဥပဒေကြမ်းကြီးကို ယူလာပါတယ်။ အဲဒါလည်း လွှတ်တော်က လက်ခံပြီးတဲ့အခါမှာ မူလဥပဒေအပေါ် အခြေခံပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ အခု ဒီနေ့ အမျိုးသားပညာရေးဥပဒေကြမ်းတို့၊ နောက်တစ်ခါ လျှပ်စစ်ဥပဒေကြမ်း ဒီလို ဒီလိုဖြစ်ပါတယ်။ ဒါက အခြေအနေကို ပြောပြတာပါ။ ကောင်းပါတယ်။ ဘာကြောင့်လဲ အဲဒီဘက်က ဥပဒေကြမ်း မြန်မြန်ပြုစု

ပေးလို့။ လိုအပ်တာကဘာလဲဆိုရင် စကတည်းက မြန်မြန်လုပ်ပေးဖို့ကိစ္စကို နှောင့်နှေးတဲ့အတွက် လွှတ်တော်ကလုပ်တော့မှပဲ နောက်ကနေ ကမန်းကတန်းလိုက်ပြီးတော့ တင်လာတဲ့ကိစ္စဟာ နှစ်ဖက်လုံး အတွက် အကျိုးမရှိနိုင်ဘူးဆိုတာလေးကို သိသာအောင်ပြောတာ။ အဓိကကတော့ အခုနက ဦးသိန်းထွန်းဦး မေးပါတယ်။ ရှေ့နေချုပ်ရုံးမှာ ဝန်ထမ်းများ ပြည့်စုံမှုရှိ/မရှိဆိုတာနဲ့ပတ်သက် ပြီးတော့ ဖြေတော့ဖြေသွားပါတယ်။ ဒီနေ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာ ရှေ့နေချုပ်တစ်ဦး၊ ဒုတိယ ရှေ့နေချုပ်တစ်ဦးရှိပါတယ်။ ဒုတိယရှေ့နေချုပ်တစ်ဦးဟာလည်း ဒီနေ့ လွှတ်တော်ကိုလာပြီးတော့ မေးခွန်းတွေဖြေရ။ သက်ဆိုင်ရာကော်မတီအသီးသီးမှာ သွားရောက်ပြီးတော့ ဥပဒေအကြံတွေပေးရ။ ထင်ပါတယ်။ ကော်မတီပေါင်း ၁၀ ဂဏန်းကြီးကြီးလောက်အထိကို အဲဒီမှာ ပါနေမယ်လို့ ထင်ပါတယ်။

ဒီကြားထဲ ဒီလို Drafting ခေါ်တဲ့ဥပဒေကြမ်းတွေ ပြုရမယ့်ကိစ္စလည်း ရှိနိုင်ပါတယ်။ ဟိုတုန်းက နယက အစိုးရလက်ထက်တုန်းက ရှေ့နေချုပ်တစ်ဦး၊ ဒုတိယရှေ့နေချုပ် သုံးဦးရှိခဲ့ပါတယ်။ အဲဒါတောင် တော်တော်လေး ဒေါင်းတင်မောင်းတင်လုပ်ခဲ့ရတဲ့သဘော ရှိပါတယ်။ ဒါကြောင့်မို့လို့ အခုနက ဦးသိန်းထွန်းဦးကတော့ ဝန်ထမ်းကိုမေးတာ။ သို့ရာတွင် တာဝန်ခံမယ့် အခုနက ပြည်ထောင်စု အဆင့်ကျတဲ့အခါကျတော့ လွှတ်တော်က ပြောတဲ့အပေါ်မူတည်ပြီးတော့ ပြန်လည်သုံးသပ်ဆောင်ရွက် နိုင်အောင်လို့။ နောက်တစ်ခုကတော့ ဥပဒေတွေပြုတဲ့အခါမှာ၊ ဥပဒေကြမ်းတွေပြုတဲ့အခါမှာ တချို့ လည်း အချိန်တိုအတွင်းပြီးသွားတယ်။ တချို့လည်း နှစ်ချီကြာတယ်လို့လည်း ပြောပါတယ်။ အဲဒီတော့ ဘယ်လောက်ပဲ ရှေ့နေချုပ်ရုံးက ပြည့်စုံအောင်လုပ်လုပ်၊ ဘယ်လောက်ပဲ ဝန်ကြီးဌာနက ပြည့်စုံအောင် လုပ်လုပ် လွှတ်တော်ရောက်တဲ့အခါမှာ ပြင်လိုက်တာအများကြီးပါပဲ။ အဲဒီတော့ လွှတ်တော်တစ်ခုက ပြင်လိုက်တာကိုတောင် ဒီဘက်လွှတ်တော်ရောက်တဲ့အခါမှာ ဒါ ထပ်ပြင်တာ တချို့ဆိုလို့ရှိရင် ပြင်ဆင် ချက်ပေါင်း ၁၆၀ လောက်ရှိပါတယ်။ ဆိုတော့ ဥပဒေတွေကို အချိန်ယူပြီးတော့ ပြည့်စုံအောင်ရေးဆွဲ တယ်ဆိုပေမယ့် ဘယ်လောက်ကြီးပဲ အချိန်တွေယူပါ တကယ်တမ်းကျတော့ မပြည့်စုံနိုင်ပါဘူး။ သို့ရာတွင် အကောင်းဆုံးဖြစ်အောင်တော့ လုပ်ကြရမှာပါ။ ဒါကြောင့်မို့လို့ ဒီမှာ ဆွေးနွေးချင်တာ ကတော့ လွှတ်တော်ကို ပြင်ချင်တဲ့ဥပဒေကြမ်းတွေ မြန်မြန်ပို့ပေးပါ။ လွှတ်တော်က ဒါကိုလက်ခံပြီး တော့ အမြန်ဆုံးဖြစ်အောင် ဆွေးနွေးပေးဖို့ လွှတ်တော်က အသင့်ရှိပါတယ်။ ဆိုတဲ့ ဒီသတင်းလေးကို ဒီနေ့ လွှတ်တော် ကတစ်ဆင့် သက်ဆိုင်တဲ့ဌာနရော၊ သက်ဆိုင်တဲ့အဖွဲ့အစည်းများရော ကြားအောင် ဦးသိန်းထွန်းဦး မေးတဲ့မေးခွန်းအပေါ်မူတည်ပြီးတော့ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ကောင်းပါပြီ။

**မူကြမ်း**

**မြန်မာနိုင်ငံရှိ လက်ရှိတည်ဆဲဥပဒေများမှ ပြင်ဆင်ရန်ဥပဒေပေါင်းမည်မျှရှိ၍ အသစ်ပြဋ္ဌာန်းပေးသင့်သော ဥပဒေများရှိသည်ဆိုပါက ဥပဒေကြမ်းများ၏ အမည်များအား သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးရယ်၊ ဒီမောဆိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးရယ်(ဒီမောဆိုမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အကျိုးကို ရှေ့ရှုပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မေးခွန်း(၁) မြန်မာနိုင်ငံရှိ လက်ရှိတည်ဆဲဥပဒေများမှ ပြင်ဆင်ရန် ဥပဒေပေါင်းမည်မျှရှိသည်ကို သိရှိလိုခြင်းနှင့် မေးခွန်း(၂) လောလောဆယ်နိုင်ငံတော်အတွက် အသစ်ပြဋ္ဌာန်းပေးသင့်သော ဥပဒေများရှိပါသလား။ ရှိသည်ဆိုပါက အသစ်ပြဋ္ဌာန်းပေးမည့် ဥပဒေကြမ်းများ၏ အမည်များအား သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီမောဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်မေးမြန်းတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော်ဆက်လက် ဖြေကြားတင်ပြအပ်ပါတယ်။ ဥပဒေတစ်ရပ်ဟာ ခေတ်နဲ့လိုက်လျောညီထွေမှုမရှိတဲ့အခါ နိုင်ငံတော်ရဲ့ ပကတိအခြေအနေတွေနဲ့ ကိုက်ညီမှုမရှိတဲ့အခါ ဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အခက်အခဲရှိတဲ့အခါမှာ နောက်ပြစ်ဒဏ်ပြဋ္ဌာန်းချက်တွေကလည်း တိုးမြှင့်ဖို့လိုအပ်တဲ့အခါ စသည်ဖြင့် ဒီလိုအခြေအနေတွေပေါ်ပေါက်လို့ရှိရင် ဒီဥပဒေကိုပြင်ဆင်ဖို့ စီမံခန့်ခွဲတဲ့ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေက ပြင်ဆင်တဲ့ဥပဒေမူကြမ်းကို ကနဦးရေးဆွဲပြီးတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် တင်ပြပြီး ပြည်ထောင်စုလွှတ်တော်ကိုတင်သွင်းပါတယ်။ တည်ဆဲဥပဒေတစ်ရပ်ကို ပြင်ဆင်တဲ့နေရာမှာ

ပြင်ဆင်တဲ့ဥပဒေပြဋ္ဌာန်းတဲ့နည်းလမ်းနဲ့ ဥပဒေအသစ်အစားထိုးပြဋ္ဌာန်းတဲ့နည်းလမ်းဆိုပြီး နည်းလမ်းနှစ်ခုရှိပါတယ်။ တည်ဆဲဥပဒေပါအချက်အလက်အနည်းငယ်ကိုသာ ပြင်ဆင်လိုလို့ရှိရင် ပြင်ဆင်တဲ့ဥပဒေ၊ ပြဋ္ဌာန်းတဲ့နည်းလမ်းကို ကျင့်သုံးလေ့ရှိပြီးတော့ ပြင်ဆင်လိုတဲ့အချက်အလက်တွေများမယ်ဆိုလို့ရှိရင်တော့ မူရင်းဥပဒေကိုရုပ်သိမ်းပြီးတော့ ဥပဒေအသစ် အစားထိုးပြဋ္ဌာန်းတဲ့နည်းလမ်းကိုကျင်းသုံးလေ့ရှိပါတယ်။ ဥပဒေတစ်ရပ်ပါ ပြဋ္ဌာန်းချက်တွေဟာ ခေတ်နဲ့လိုက်လျောညီထွေမှုရှိ/မရှိ။ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အခက်အခဲရှိ/မရှိ။ ဥပဒေမှာပျော့ကွက်ဟာကွက်တွေရှိ/မရှိဆိုတာကတော့ ဥပဒေကို စီမံခန့်ခွဲတဲ့ ဝန်ကြီးဌာနနဲ့အဖွဲ့အစည်းများကသာ အဓိကသိရှိနိုင်တဲ့အချက်တွေဖြစ်ပါတယ်။ ပြင်ဆင်ဖို့လိုအပ်ချက်တွေရှိနေကြောင်း ပေါ်ပေါက်တဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းတွေက ပြင်ဆင်တဲ့ဥပဒေမူကြမ်းကို ကနဦးရေးဆွဲဆောင်ရွက်ရပါတယ်။ တင်ပြပါအတိုင်း တည်ဆဲဥပဒေများကို ပြင်ဆင်ရန်လိုအပ်ခြင်းရှိ/မရှိဟာ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများက အသီးသီးဆောင်ရွက်ရတဲ့ကိစ္စဖြစ်တဲ့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ပြင်ဆင်ရန် ဥပဒေမည်မျှရှိကြောင်း အတိအကျဖြေကြားရန် အခက်အခဲရှိကြောင်းတင်ပြအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း တည်ဆဲဥပဒေများအနက် ပြင်ဆင်သင့်တဲ့ဥပဒေတွေကို ပြင်ဆင်တဲ့ဥပဒေကြမ်းများကို အခါအားလျော်စွာအတည်ပြုပြဋ္ဌာန်းလျက်ရှိရာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်စတင်ကျင်းပတဲ့ ၂၀၁၁ ခုနှစ်၊ မတ်လမှ ယနေ့အထိ ပြဋ္ဌာန်းတဲ့ဥပဒေများအနက် ပြင်ဆင်တဲ့ဥပဒေ စုစုပေါင်း ၆၆ ခုရှိပြီးတော့ မူရင်းဥပဒေကိုရုပ်သိမ်းပြီးတော့ အစားထိုးပြဋ္ဌာန်းတဲ့ဥပဒေစုစုပေါင်း ၃၃ ခုရှိကြောင်းတွေ့ရပါတယ်။ နိုင်ငံတော်အတွက် အသစ်ပြဋ္ဌာန်းပေးသင့်တဲ့ ဥပဒေတွေရှိ/မရှိဆိုတဲ့အချက်နဲ့စပ်လျဉ်း၍ သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့နယ်ပယ်အလိုက်ဝန်ကြီးဌာနအဖွဲ့အစည်းတွေက လေ့လာသုံးသပ်စဉ်းစားရမယ့် ကိစ္စဖြစ်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများဟာလည်း အသစ်ပြဋ္ဌာန်းသင့်တဲ့ ဥပဒေကြမ်းတွေကို ပြုစုရေးဆွဲပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ ပြောင်းလဲလျက်ရှိတဲ့ အခြေအနေအချိန်အခါအရနယ်ပယ်အသီးသီးမှာ အသစ်ပြဋ္ဌာန်းရန်လိုအပ်တဲ့ဥပဒေတွေ အခါအားလျော်စွာ ရှိမှာဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက စိစစ်အကြံပြုခဲ့တဲ့ ဥပဒေကြမ်းများအနက် ဥပဒေကြမ်း ၂၀ ခုကို အသစ်ပြဋ္ဌာန်းဖို့ဖြစ်တဲ့ ဥပဒေကြမ်းများအဖြစ် ပြန်ကြားပေးခဲ့တာရှိပါတယ်။ အဲဒီ ဥပဒေကြမ်းတွေကတော့ နယ်စပ်ဒေသလုံခြုံရေးနှင့် လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဆိုင်ရာဥပဒေ၊ မြန်မာ့လေဆိပ်များ အာဏာပိုင်ဥပဒေ၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ၊ မြန်မာနိုင်ငံ နယ်ကြား

စောင့်ရဲတပ်ဖွဲ့ဥပဒေ၊ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ၊ ကိုယ်ပိုင်တက္ကသိုလ်မှတ်ပုံတင်ဥပဒေ၊ မန္တလေးမြို့လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥပဒေ၊ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေ၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးကောင်စီဥပဒေ၊ နိုင်ငံ့ဝန်ထမ်းကြိုတင်စုဆောင်းရန်ပုံငွေဥပဒေ၊ လယ်ယာစိုက်ပျိုးကုန်ထုတ်လုပ်မှုအတွက်ဥပဒေ၊ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ၊ အစိုးရဝယ်ယူရေးဥပဒေ၊ စက်မှုဇုန်ဥပဒေ၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဥပဒေ၊ မြန်မာနိုင်ငံအမျိုးသားရုပ်ရှင်ကောင်စီဥပဒေ၊ အပင်မျိုးသစ်ကာကွယ်ပေးရေးဥပဒေ၊ သံအမတ်ကြီးများခန့်ထားခြင်းဆိုင်ရာဥပဒေ၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ၊ တိကျစွာတိုင်းတာခြင်းနည်းပညာဥပဒေ စသည်တို့ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် နစ်နာမှုတင်ပြစာ (၁) စောင်ချင်းအပေါ် ၂၄-၆-၂၀၁၄ ရက်နေ့ နောက်ပိုင်းမှ ယနေ့အထိ ဖြေရှင်းဆောင်ရွက်မှုအခြေအနေကို ယခင်ပေးပို့သည့်အတိုင်း ဆက်လက်ပေးပို့ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်က တင်ပြခဲ့တဲ့အစီရင်ခံစာတွေအရ ပြန်လည်စွန့်လွှတ်ခဲ့တဲ့ မြေစုစုပေါင်းဟာ တစ်နိုင်ငံလုံးမှာအရပ်ဘက်မှာ ၁၄၁၁၅၄.၆၀၂ ဧကရှိကြောင်း ၁၉-၁၂-၂၀၁၄ ရက်နေ့ ထုတ်ကြေးမုံသတင်းစာမှာ ကျွန်တော်တို့ဖတ်ခဲ့ရပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနက စွန့်လွှတ်တဲ့ မြေစုစုပေါင်းဟာ တစ်နိုင်ငံလုံးမှာ ၂၁၉၀၆၂.၇၃၈ ဧကဖြစ်ပြီးတော့မှ လွှဲပြောင်းပြီးတဲ့ဧကဟာ ၁၅၈၀၇၅.၆၆ ဧကရှိကြောင်း ၂၂-၈-၂၀၁၄ ရက်နေ့ထုတ်နေ့စဉ်သတင်းစာမှာ ဖော်ပြထားတာကို ဖတ်ရှုရတဲ့အတွက် မြေသိမ်းဆည်းခံရမှုကြောင့် နစ်နာမှုတင်ပြချက်တွေနဲ့ ပတ်သက်ပြီးတော့မှ နိုင်ငံတော်အစိုးရရဲ့ ဖြေရှင်းဆောင်ရွက်မှုတွေအပေါ် ပြည်သူများရဲ့ ယုံကြည်ကိုးစားမှုများ ပိုမိုမြင့်မားလာမှာဖြစ်တဲ့အတွက် ဒီသတင်းစာဖော်ပြချက်တွေနဲ့ပတ်သက်ပြီးမှ ကျွန်တော့်အနေနဲ့ ထောက်ခံကြိုဆိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် နစ်နာမှုတင်ပြစာ တစ်စောင်ချင်းအပေါ်မှာ ပုံမှန်အားဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့မှတစ်ဆင့်

နိုင်ငံတော်အစိုးရကနေပြီးတော့ တစ်လတစ်ကြိမ် ပြန်ကြားပေးနေတာရှိပါတယ်။ ဒါပေမယ့် ၂၄-၆-၂၀၁၄ ရက်နေ့အထိ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုတွေကို တင်ပြပြီးတဲ့နောက်ပိုင်းမှာ နောက်ထပ် ကျွန်တော်တို့ ဒီနေ့အထိ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုတွေ ကျွန်တော်တို့မသိရှိရပါဘူး။ အဲဒီတော့ ၂၄-၆-၂၀၁၄ ရက်နေ့အထိ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုတွေ နိုင်ငံတော်အစိုးရကနေပြီးတော့မှ ပေးပို့ခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့လည်း နစ်နာကြောင်းတင်ပြတဲ့ ကာယကံရှင်တွေကို ပြန်ကြားပေးနိုင်တာဖြစ်တဲ့အတွက် ထင်သာမြင်သာရှိခဲ့ပါတယ်။ ၂၄-၆-၂၀၁၄ ရက်နောက်ပိုင်းမှာ ဆက်လက်ပေးပို့ခြင်းမရှိတဲ့အတွက် ကျွန်တော်တို့ကော်မရှင်တွေအနေနဲ့ တိုင်ကြားသူတွေ ကိုပြန်ကြားနိုင်ခြင်းမရှိတဲ့အတွက် ဝေဖန်မှုအမျိုးမျိုးဖြစ်ပေါ်နေပါတယ်ခင်ဗျား။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့်နစ်နာမှု တင်ပြစာ တစ်စောင်ချင်းအပေါ်မှာ ၂၄-၆-၂၀၁၄ ရက်နေ့နောက်ပိုင်းမှ ယနေ့အထိ ဖြေရှင်းဆောင်ရွက်မှုအခြေအနေကို ပြည်ထောင်စုအစိုးရမှတစ်ဆင့် ကော်မရှင်သို့ ယခင်ပေးပို့သည့်အတိုင်း ဆက်လက်ပေးပို့ရန် အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ မေးခွန်း(၂) လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် နစ်နာမှု တင်ပြစာတစ်စောင်ချင်းအပေါ်မှာ ဖြေရှင်းဆောင်ရွက်မှုများကို ဆက်လက်ပေးပို့နိုင်ခြင်းမရှိပါကလည်း မည်သည့်အတွက်ကြောင့် ဆက်လက်ပေးပို့နိုင်ခြင်းမရှိသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ မေးခွန်းအပေါ် ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာ

ဆုံးရှုံးမှုမရှိစေရေးအတွက်ကို စုံစမ်းရေးကော်မရှင်ရဲ့ သိမ်းဆည်းခံမြေများကို ဖြေရှင်းရန်အတွက် ပြည်ထောင်စုလွှတ်တော်ကတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုပေးပို့ခဲ့ပြီးတော့ ပြည်ထောင်စုအစိုးရ အဖွဲ့ကနေပြီးတော့ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကို စိစစ်ဆောင်ရွက်ပေးရန် လွှဲပြောင်းပေး အပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ကတော့ အဆိုပါမြေကိစ္စတွေကို ဖြေရှင်းဆောင်ရွက်ရာမှာ ရှင်းလင်းလွယ်ကူစေဖို့အတွက်ကို ပြည်ထောင်စု လွှတ်တော်က ပေးပို့တဲ့ရက်စွဲများအလိုက် အစီရင်ခံစာ အပိုင်းများကိုသတ်မှတ်ပြီးတော့ စိစစ်ဖြေရှင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်ထောင်စုလွှတ်တော်မှ ၁၃-၉-၂၀၁၃ ရက်နေ့ရက်စွဲနဲ့ပေးပို့လာတဲ့ အမှုတွဲအရေအတွက် ၅၆၅ မှုကို အစီရင်ခံစာအပိုင်း(၁)အဖြစ် ပေးပို့ ပြီးတော့ အမှုတွဲအရေအတွက် ၆၃ မှုကိုအစီရင်စာအပိုင်း(၂)၊ အမှုတွဲအရေအတွက် ၁၁၇ မှုကို အစီရင်ခံစာအပိုင်း(၃)အဖြစ် အတည်ပြုသတ်မှတ်ပြီးတော့ စိစစ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အတူ ပြည်ထောင်စုလွှတ်တော်မှ ၁၃-၁၁-၂၀၁၃ ရက်နေ့က ပေးပို့လာတဲ့ အမှုတွဲအရေအတွက် ၁၂၀ မှုကိုလည်း အစီရင်ခံစာအပိုင်း(၄)၊ ၁၁-၁၁-၂၀၁၃ မှ ၅-၁၂-၂၀၁၃ ရက်နေ့အတွင်းပေးပို့လာတဲ့ အမှုတွဲအရေအတွက် ၃၃၈၇ မှုကို အစီရင်ခံစာအပိုင်း(၅)ဖြင့်လည်းကောင်း၊ ၂၄-၃-၂၀၁၄ မှ ၃-၈-၂၀၁၄ ရက်နေ့ ပေးပို့လာတဲ့ အမှုတွဲအရေအတွက် ၂၃၃၃ မှုကို အစီရင်ခံစာအပိုင်း(၆)ဖြင့် လည်းကောင်း၊ ၂၉-၉-၂၀၁၄ ရက်စွဲဖြင့် ပေးပို့လာတဲ့ အမှုတွဲ၊ အရေအတွက် ၁၀၂၉ မှုကို အစီရင်ခံစာ အပိုင်း(၇)ဖြင့်လည်းကောင်း အသီးသီးသတ်မှတ်ပြီးတော့ စိစစ်ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်ထောင်စုလွှတ်တော်မှ ၂၇-၁၀-၂၀၁၄ မှ ၁၈-၁၂-၂၀၁၄ ရက်နေ့ အထိပေးပို့လာတဲ့ အမှုတွဲအရေအတွက် ၂၆၁၀ မှုကို အစီရင်ခံစာအပိုင်း (၈)၊ ၂၁-၁-၂၀၁၅ ရက်စွဲနဲ့ ပေးပို့လာတဲ့ အမှုတွဲအရေအတွက် ၁၈၀၆ ခုကို အစီရင်ခံစာအပိုင်း (၉)၊ ၂၅-၂-၂၀၁၅ ရက်စွဲဖြင့်ပေးပို့လာတဲ့ အမှုတွဲအရေအတွက် ၁၆၀၁ မှုကို အစီရင်ခံစာအပိုင်း (၁၀)၊ ၂၆-၃-၂၀၁၅ ရက်စွဲဖြင်ပေးပို့လာတဲ့ အမှုတွဲအရေအတွက် ၈၆၇ မှုကို အစီရင်ခံစာအပိုင်း (၁၁) ဖြင့်အသီးသီး သတ်မှတ်ပြီးတော့ စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်၍ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟို ကော်မတီအနေနဲ့ ပြည်ထောင်စုလွှတ်တော်မှ ပေးပို့ လာတဲ့ အစီရင်ခံစာအပိုင်း(၁) မှ (၁၁) အထိ စုစုပေါင်းအမှုတွဲ ၁၄၄၉၉ မှုအား စိစစ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အစီရင်ခံစာအပိုင်း(၁) မှ အပိုင်း(၁၁)အထိ မြေကိစ္စ ၁၄၄၉၉ မှုနှင့် စပ်လျဉ်းပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိစစ်ဖြေရှင်းမှုကို ကျွန်တော်တို့ မြေအသုံးချမှု

**မူကြမ်း**

စီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ စိစစ်ပြီးခွဲခြားပြီးတော့ ပေးပို့လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နေပြည်တော်မှာ ၉၇၉ မှု၊ ကချင်ပြည်နယ်မှာ ၉၅ မှု၊ ကယားပြည်နယ်မှာ ၃၅ မှု၊ ကရင်ပြည်နယ်မှာ ၂၀၂ မှု၊ ချင်းပြည်နယ်မှာ ၃၀ မှု၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၆၈၅ မှု၊ တနင်္သာရီတိုင်းဒေသကြီးမှာ ၃၇၇ မှု၊ ပဲခူးတိုင်းဒေသကြီးမှာ ၁၆၀၈ မှု၊ မကွေးတိုင်းဒေသကြီးမှာ ၉၁၆ မှု၊ မန္တလေးတိုင်းဒေသကြီးမှာ ၁၄၉၆ မှု၊ မွန်ပြည်နယ်မှာ ၄၄၉ မှု၊ ရခိုင်ပြည်နယ်မှာ ၆၉၀ မှု၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၃၅၇၃ မှု၊ ရှမ်းပြည်နယ်မှာ ၁၉၇၄ မှုနှင့် ဧရာဝတီတိုင်းဒေသကြီးမှာ ၁၃၉၀ မှုစုစုပေါင်း ၁၄၄၉၉ မှု ဖြစ်ပါတယ်။

မြေအသုံးချမှု စီမံခန့်ခွဲမှုဗဟိုကော်မတီအနေနဲ့ အစီရင်ခံစာအပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃)မှာ မြေကိစ္စ ၇၄၅ မှုကို ၂၄-၆-၂၀၁၄ ရက်နေ့ထိ စိစစ်ပြီးစီးမှုအခြေအနေကို နိုင်ငံတော်သမ္မတကလည်း ပြည်ထောင်စုလွှတ်တော်နာယကထံကို ၂၅-၆-၂၀၁၄ ရက်နေ့မှာ သဝဏ်လွှာပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အစီရင်ခံစာအပိုင်း(၁)မှ (၅)အထိ မြေကိစ္စများစိစစ်ဆောင်ရွက်ပြီးစီးမှုအခြေအနေအစီရင်ခံစာအပိုင်းများပါ စွန့်လွှတ်မြေများအခြေအနေနဲ့ အစီရင်ခံစာအပိုင်းများမှာ ပါဝင်ခြင်းမရှိသော်လည်း ဝန်ကြီးဌာနများနှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ သီးခြားပြန်လည်စွန့်လွှတ်တဲ့မြေများကိုလည်း သက်ဆိုင်သူများကို လွှဲပြောင်းပေးမှုအခြေအနေများကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ထုတ်နိုင်ငံပိုင်သတင်းစာများမှာလည်း သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ အလားတူ အစီရင်ခံစာ(၁)မှ (၇)ထိ မြေကိစ္စဖြေရှင်းဆောင်ရွက်မှုအခြေအနေကိုလည်း ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့မှာလည်း ဖြေရှင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယသမ္မတဦးဆောင်တဲ့မြေအသုံးချမှုစီမံခန့်ခွဲမှုဗဟိုကော်မတီနဲ့ ပြည်ထောင်စုလွှတ်တော်နာယကဦးဆောင်တဲ့ ပြည်ထောင်စုလွှတ်တော်လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာဆုံးရှုံးမှုမရှိစေရေးစုံစမ်းရေးကော်မရှင်တို့အား မြေအသုံးချမှုဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ နေပြည်တော်မှာရှိတဲ့ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းဗဟိုဌာန(၂)မှာ ကျင်းပပြုလုပ်ပြီးတော့ တွေ့ဆုံဆွေးနွေးပွဲမှာ မြေအသုံးချမှုစီမံခန့်ခွဲမှုဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတမှမြေကိစ္စတိုင်ကြားစာများကို အထူးအလေးထားဖြေရှင်းဆောင်ရွက်မယ့်ကိစ္စအဖြစ် ခံယူဖြေရှင်းပေးလျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်နာယကကလည်းပြည်သူအတွက်၊ နိုင်ငံတော်အတွက် တာဝန်ရှိသူများအနေနဲ့ အားလုံးပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရန်လည်း လမ်းညွှန်မိန့်ကြားခဲ့ပြီး ဖြစ်ပါတယ်။

**မူကြမ်း**

ဆက်လက်၍ မြေအသုံးချမှုစီမံခန့်ခွဲမှုဗဟိုကော်မတီဝင်တွေ၊ တိုင်းဒေသကြီး/ပြည်နယ် မြေအသုံးချမှု စီမံခန့်ခွဲမှုဗဟိုကော်မတီဝင်တွေ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ထောင်စုလွှတ်တော်စုံစမ်းရေး ကော်မရှင်အဖွဲ့ခွဲ(၁၁)ဖွဲ့တို့ဟာ မြေကိစ္စများဖြေရှင်းဆောင်ရွက်ခြင်းကို ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဥပဒေနဲ့အညီ မြေသိမ်းဆည်းမှု မပြီးပြတ်ခြင်း၊ သိမ်းဆည်းမြေများမှာ အသုံးမပြုပိုလျှံတဲ့မြေများကို ပြန်လည်စွန့်လွှတ်ပေးနိုင်ရန်နှင့် မူလလက်ငုတ်တောင်သူများကို လုပ်ပိုင်ခွင့်ပြန်လည်ချထားနိုင်ရေး စိစစ်ဆောင်ရွက်သွားရန် သိမ်း ဆည်းမြေများတွင် လျော်ကြေးမပေးချေရသေးပါက ထိုက်သင့်တဲ့လျော်ကြေးပေးချေနိုင်ရေးနဲ့ ဝန်ကြီး ဌာနများအနေနဲ့ နိုင်ငံတော်အရအသုံးခန့်မှန်းခြေမှာ တင်ပြတောင်းခံဆောင်ရွက်သွားရန် မြေကိစ္စ တိုင်ကြားစာများကို စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ(၁၁)ဖွဲ့နှင့် နေပြည်တော်မြေအသုံးချမှုစီမံခန့်ခွဲမှု ကော်မတီ၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားရန် ပူးပေါင်းအဖွဲ့မှာ ဥပဒေ အရာရှိကို အကြံပေးအဖြစ်ပါဝင်ထည့်သွင်း ဖွဲ့စည်းသွားရန်တို့ကို သဘောတူညီချက်မှာ ရရှိခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် မြေအသုံးချမှုစီမံခန့်ခွဲမှုဗဟိုကော်မတီအနေနဲ့ အစီရင်ခံစာအပိုင်း(၁)မှ (၇)ထိ မြေ ကိစ္စ ၇၆၁၅ မှုနှင့်စပ်လျဉ်း၍ ၈-၄-၂၀၁၅ ရက်နေ့ထိ စိစစ်ဖြေရှင်းဆောင်ရွက်မှုအခြေအနေများကို လည်း ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အသုံးပြုရန်လိုအပ်တဲ့၊ မစွန့်လွှတ်တဲ့မြေကတော့ ၃၆၀၅ မှုဖြစ်ပြီးတော့ အသုံးပြုရန်ထက်ပိုမိုတဲ့စွန့်လွှတ်မြေက ၁၆၅ မှုဖြစ်ပါတယ်။ အသုံးမပြု၍ အားလုံး စွန့်လွှတ်သည့်မြေက ၂၈၂ မှုဖြစ်ပြီးတော့ အကြောင်းအရာ၊ တိုင်စာတူ ၁၃၈၃ မှု၊ ပုဂ္ဂလိကအချင်းချင်း တရားစီရင်ရေးနည်းလမ်းအရ ဆောင်ရွက်ရမယ့်မြေများကတော့ ၁၁၄၂ မှုဖြစ်ပါတယ်။ မှားယွင်း တိုင်ကြားတဲ့ကိစ္စကတော့ ၃၁၉ မှုဖြစ်ပြီးတော့ စိစစ်ပြီးအမှုတွဲပေါင်း ၆၈၉၆ မှု၊ စိစစ်ရန်ကျန် ၇၁၉ မှု ဖြစ်ပါတယ်။ ဒါကြောင့်မို့ အစီရင်ခံစာအပိုင်း(၁)မှ(၇)ထိ မြေကိစ္စ ၇၆၁၅ မှုမှာ ၆၈၉၆ မှုစိစစ်ပြီးဖြစ်ပြီး တော့ စိစစ်ရန်ကျန် ၇၁၉ မှုဖြစ်တဲ့အတွက် စိစစ်ပြီးရာခိုင်နှုန်းက ၉၀.၅၆ ရာခိုင်နှုန်းဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ ဒီလိုစိစစ်ပြီးစီးမှုများကို ၁၄-၃-၂၀၁၃ ရက်နေ့မှာ MICC-2 အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ တွေ့ဆုံဆွေးနွေးပွဲမှာ တင်ပြခဲ့တဲ့ ဆောင်ရွက်ပြီးစီးမှုများနှင့် နှိုင်းယှဉ်မယ်ဆိုရင် တိုးတက်စိစစ်မှုအခြေအနေကတော့ မစွန့်လွှတ်သည့်မြေ ၂၀၇ မှု၊ အသုံးပြုရန်အတွက်ပိုမိုမှုကြောင့် စွန့်လွှတ်သည့်မြေ ၁၅ မှု၊ အသုံးမပြု၍ အားလုံးစွန့်လွှတ်တဲ့မြေ ၉ မှု၊ တိုင်စာတူ ၆၃ မှု၊ ဥပဒေ အကြောင်းအရာဖြေရှင်းရန် ၁၂၃ မှု၊ မှားယွင်းတိုင်ကြားတဲ့ကိစ္စ ၁၇ မှု ဖြစ်တဲ့အတွက် တိုးတက်စိစစ်မှု

မြေကိစ္စအမှုတွဲဟာ ၄၅၁ မှုဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ၈-၄-၂၀၁၅ ရက်နေ့ MICC-2 မှာ စိစစ်ပြီးအခြေအနေနဲ့ ဒီ ၈-၄-၂၀၁၅ ထိဆောင်ရွက်ပြီးစီးမှုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရာခိုင်နှုန်းအနေနဲ့ ၅.၉၂ ရာခိုင်နှုန်းတိုးတက်ပြီးတော့ စိစစ်နိုင်ပါတယ်။ ဒီလိုတိုးတက်လာမှုအခြေအနေကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေပြီးတော့ ၆-၅-၂၀၁၅ ရက်စွဲပါစာအမှတ်နဲ့ ပြည်ထောင်စုလွှတ်တော်ရုံးကိုလည်း ပေးပို့တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အစီရင်ခံစာအပိုင်း(၁)မှ(၇)အပေါ် မြေကိစ္စ ၇၆၁၅ မှုအပေါ် ၈-၄-၂၀၁၅ ရက်နေ့မှာ စိစစ်ချက်အရ အပိုင်း(၁)မှာ မြေဧရိယာ ၃၄၀၁၄.၅၁ ဧက၊ အစီရင်ခံစာအပိုင်း(၂)မှာ ၀.၆၉ ဧက၊ အစီရင်ခံစာအပိုင်း(၃)မှာ ၄၂၇၀၆.၄၄၁ ဧက၊ အစီရင်ခံစာအပိုင်း(၄)မှာ မြေဧရိယာ ၄၂၀.၉၇ ဧက၊ အစီရင်ခံစာအပိုင်း(၅)မှာ ၃၀၇၈၆.၅၅၅ ဧက၊ အစီရင်ခံစာအပိုင်း(၆)မှာ ၄၇၆၁.၂၅ ဧက၊ အစီရင်ခံစာအပိုင်း(၇)မှာ ၂၃၂၆.၆၁ ဧကကို ပြန်လည်စွန့်လွှတ်ရန်အတွက် စိစစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစီရင်ခံစာအပိုင်း(၁)မှ (၇)ထိ စွန့်လွှတ်သည့်မြေ ၄၄၇ မှုမှာ မြေဧရိယာ ၁၁၅၀၁၇.၀၂၆ ဧကအား ပြန်လည်စွန့်လွှတ်ထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒီစွန့်လွှတ်မြေများကို မူလမြေအမျိုးအစားအပေါ်မူတည်၍ သက်ဆိုင်သူများကို လွှဲပြောင်းပေးအပ်ရာမှာ စိုက်ပျိုးမြေဧရိယာ ၇၆၄၆၉.၈၉၅ ဧကကို တောင်သူ ၁၆၁၇၈ ဦးကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)နှင့် ယာယီပုံစံများဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပြီးတော့ စိုက်ပျိုးမြေမဟုတ်တဲ့ အခြားမြေဧရိယာ ၃၁၅၈၅.၉၈၁ ဧကကိုတော့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာအပိုင်း(၁)မှ (၇)ထိ စွန့်လွှတ်မြေများမှာ လွှဲပြောင်းပြီးမြေဧရိယာကတော့ ၁၀၈၀၅၅.၈၇၆ ဧကဖြစ်ပြီးတော့ လွှဲပြောင်းပေးအပ်ရန်ကျန်မြေဧရိယာ ၆၉၆၁.၁၅ ဧကကို သက်ဆိုင်သူများကို လွှဲပြောင်းပေးအပ်ရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အစီရင်ခံစာအပိုင်းများမှာမပါပေမယ့်လည်း ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနတွေနဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေကနေပြီးတော့ သီးခြားစွန့်လွှတ်တဲ့မြေလည်းရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ ၈-၄-၂၀၁၅ ရက်နေ့မှာ ကာကွယ်ရေးဝန်ကြီးဌာနကနေပြီးတော့ မြေကိစ္စ ၈၇၆ မှုမှာ ၁၇၃၀၈၆.၁၁၁ ဧက၊ အခြားဝန်ကြီးဌာနများမှ မြေကိစ္စ ၂၉ မှုမှာ ၉၄၁၉.၂၅၃ ဧကနှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ မြေကိစ္စ ၈ မှုမှာ ၄၀၈၅၄.၉၀ ဧကကို ပြန်လည်စွန့်လွှတ်ထားဖို့အတွက်ကို စိစစ်ထားပြီးဖြစ်တဲ့အခါမှာ သီးခြားစွန့်လွှတ်မြေတွင် ၉၁၃ မှုရှိပြီးတော့ ၂၂၃၃၆၀.၂၆၄ ဧကကို စိစစ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ဒီစွန့်လွှတ်မြေများကို သက်ဆိုင်သူကို လွှဲပြောင်းပေး

အပ်တဲ့အခါမှာ စိုက်ပျိုးမြေဧရိယာ ၁၀၂၃၃၀.၃၃၄ ဧကကို တောင်သူ ၁၆၈၁၇ ဦးကို လယ်ယာမြေ လုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ပုံစံ (၇)နှင့် ယာယီပုံစံများနှင့် လွှဲပြောင်းပေးအပ်ခဲ့ပြီးတော့ စိုက်ပျိုးမြေ မဟုတ်တဲ့အခြားမြေများကိုတော့ ၁၁၉၃၇၉.၄၁ ဧကကိုတော့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သီးခြားစွန့်လွှတ်မြေမှာ လွှဲပြောင်းပြီးဧရိယာကတော့ ၂၂၁၇၀၉.၇၄၄ ဧကဖြစ်ပြီးတော့ လွှဲပြောင်းပေးရန်ကျန် မြေဧရိယာ ၁၆၅၀.၅၂ ဧကကို သက်ဆိုင်သူများကို လွှဲပြောင်းပေးအပ်နိုင်ရေး စိစစ်ဆောင်ရွက်လျက် ရှိပါတယ်။

ဒါ့ကြောင့်မို့လို့ အစီရင်ခံစာအပိုင်း(၁)မှ အစီရင်ခံစာအပိုင်းများမှာပါတဲ့မြေဧရိယာရော၊ ကျွန်တော်တို့ အစီရင်ခံစာအပိုင်းများမှာမပါပေမယ့် ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကနေ စွန့်လွှတ်တဲ့မြေစုစုပေါင်းကတော့ ၃၃၈၃၇၇.၂၉၀ ဧက ဖြစ်ပါ တယ်။ ဒါ့ကြောင့်မို့လို့ စိုက်ပျိုးမြေဧရိယာအနေနဲ့ ၁၇၈၈၀၀.၂၂၉ ဧကဖြစ်ပြီးတော့ တောင်သူ ၃၂၉၉၅ ဦးကို ကျွန်တော်တို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)နှင့် ယာယီပုံစံများဖြင့် လွှဲပြောင်းပေး အပ်ပြီးတော့ စိုက်ပျိုးမြေမဟုတ်တဲ့ အခြားမြေဧရိယာ ၁၅၀၉၆၅.၃၉၁ ဧကကိုတော့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများကို လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အစီရင်ခံစာအပိုင်း(၁)မှ (၇)ထိ အစီရင်ခံစာအပိုင်းများမှာပါတဲ့ မြေများ၊ အစီရင်ခံစာအပိုင်းများမှာမပါတဲ့ မြေဧရိယာအတွက်ကို လွှဲပြောင်းပေးအပ်ရန်ကျန်ကတော့ ၈၆၁၁.၆၇ ဧကကို သက်ဆိုင်သူများသို့ လွှဲပြောင်းဖို့အတွက်ကို ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ကြောင့်မို့လို့ အစီရင်ခံစာအပိုင်း(၁)မှ (၇)ထိကို ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ စိစစ်ဖို့ ကျန်တာကတော့ အစီရင်ခံစာအပိုင်း(၄)မှာ ၃မှုဖြစ်ပါတယ်။ အစီရင်ခံစာအပိုင်း(၅)မှာ ၁၁၄ မှု၊ အစီရင်ခံစာအပိုင်း(၆)မှာ ၄၉၇ မှု၊ အစီရင်ခံစာအပိုင်း(၇)မှာ ၁၀၅ မှု ဖြစ်ပါတယ်။ အစီရင်ခံစာအပိုင်း (၈)အနေနဲ့ ၂၆၁၀ မှု၊ အစီရင်ခံစာအပိုင်း(၉)မှာ ၁၈၀၆ မှု၊ အစီရင်ခံစာအပိုင်း(၁၀)မှာ ၁၆၀၁ မှု၊ အစီရင်ခံစာအပိုင်း(၁၁)မှာ ၈၆၇ မှု စုစုပေါင်း စိစစ်ရန်ကျန်ကတော့ ၇၆၀၃ မှုလည်းရှိပါတယ်။ ဒါကတော့ စိစစ်ပြီးရင်တော့ ပြန်ပေးရမယ့်မြေများကိုလည်း ခုနက လုပ်ထုံးလုပ်နည်းအတိုင်း ပြန်လည် စိစစ်ပြီးတော့ ပြန်လည်လွှဲပြောင်းပေးအပ်မှာဖြစ်ပါတယ်။ လွှဲပြောင်းပေးအပ်တဲ့အခါမှာလည်း လုပ်ပိုင် ခွင့်လက်မှတ်ပုံစံ(၇)တွေ၊ ယာယီပုံစံတွေနဲ့ လွှဲပြောင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစိစစ် ရန်ကျန်တဲ့မြေကိစ္စအမှုတွဲများကိုလည်း စိစစ်ပြီးပြတ်နိုင်ရေးအတွက်ကို အထူးအလေးထားဆောင်ရွက်

လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဖြေရှင်းပြီးကိစ္စများကို အမှုတွဲတစ်ခုချင်းအလိုက် စိစစ်ဆောင်ရွက်မှု အခြေအနေကို သတ်မှတ်နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ရေးအတွက်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ(၁၈) ရက်စွဲပါ စာအမှတ် ၃၀၀/၂-၄/ ဦး ၁ ဖြင့် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အား ပြည်သူတစ်ရပ်လုံး သိရှိစေရန် လွှတ်တော်သို့ ရှင်းလင်းပြနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ထွန်း (ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကာယစိတ္တ နှစ်ဖြာသောသုခနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်းရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ စီမံအုပ်ချုပ်ရေးရာများမှာ စီမံအုပ်ချုပ်ပုံတစ်ပြေးညီ တူညီမှုရှိ/မရှိဟူသော ကြယ်ပွင့်မပြမေးခွန်းအား ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကြီးမှာ မေးမြန်းခဲ့ရာမှာ ပြန်လည်ဖြေကြားလွှာအဖြေလွှာပါ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက် ရက်စွဲပါစာအမှတ် ၃၀၀/၂-၄/ ဦး ၁ ဖြင့် ထုတ်ပြန်သောညွှန်ကြားချက်တွင် မြေယာသိမ်းဆည်းခြင်းများနှင့်ပတ်သက်၍ မည်သို့ညွှန်ကြားထားသည်၊ မည်သို့ဆောင်ရွက် ရမည်ဟူသော ညွှန်ကြားချက်အပြည့်အစုံကို ပြည်သူတစ်ရပ်လုံး သိရှိခြင်းမရှိသေးပါ၍ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက် ရက်စွဲပါစာအမှတ် ၃၀၀/၂-၄/ ဦး ၁ ဖြင့် ထုတ်ပြန်ခဲ့သော မြေသိမ်းဆည်းခြင်းဆိုင်ရာများ၌ လိုက်နာရန် ညွှန်ကြားချက်အပြည့်အစုံကို ပြည်သူတစ်ရပ်လုံး သိရှိနိုင်ပါရန် လွှတ်တော်သို့ ရှင်းလင်းတင်ပြ ဖြေဆိုနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဖုံးမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်းရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တဝှမ်းရှိ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များမှ စီမံအုပ်ချုပ်မှုရေးရာများတွင် စီမံအုပ်ချုပ်ပုံ တစ်ပြေးညီတူညီမှုရှိမရှိ ကြယ်ပွင့်မပြမေးခွန်းနဲ့ စပ်လျဉ်း၍ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၁၈-၁၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၃၀၀/၂-၄/ ဦး ၁ ဖြင့် ပြည်နယ်နဲ့တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန များကို မြေသိမ်းဆည်းခြင်း လုပ်ငန်းဆောင်ရွက်ရာမှာ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ် နည်းများနဲ့အညီ ဆောင်ရွက်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် ရက်စွဲပါစာအမှတ်၊ ၃၀၀/၂-၄/ ဦး ၁ နဲ့ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအားလုံးကို မြေသိမ်းဆည်းခြင်းနဲ့ပတ်သက်၍ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါတယ်။ ဒီထုတ်ပြန်ချက်နဲ့ပတ်သက်ပြီး ကျွန်တော် ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

အပိုဒ်(က)အနေနဲ့ နိုင်ငံတော်ကို တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရကာလနဲ့ ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီအစိုးရကာလ များမှာ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ တပ်ရင်းတပ်ဖွဲ့များမှ နိုင်ငံတော်အတွင်း အထူးစီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက်လည်းကောင်း၊ စီးပွားရေးဇုန်များ တည်ထောင်ရန်အတွက်လည်း ကောင်း၊ ကာကွယ်ရေးဆိုင်ရာအဆောက်အဦများ တည်ဆောက်အသုံးပြုရန်အတွက်လည်းကောင်း၊ ပြည်သူလူထုအချို့ရဲ့ မြေယာများကို မလွှဲမရှောင်သာ၍ သိမ်းဆည်းခြင်းဆောင်ရွက်ရာတွင် နစ်နာသူ ပြည်သူများအား လျော်ကြေးငွေပေးအပ်၍ သဘောတူညီမှုသာ ဆောင်ရွက်ရန်အတွက် မြေသိမ်းယူလို သော မြေရယူလိုသောဌာန၊ အဖွဲ့အစည်းတို့အား ညွှန်ကြားထားပြီးဖြစ်သကဲ့သို့ မြေသိမ်းအမှုတွဲများ

ဖွင့်လှစ်ဆောင်ရွက်ရာတွင် လျော်ကြေးငွေ ပေးအပ်ပြီးဖြစ်ကြောင်း အထောက်အထားများ ပါဝင်မှသာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ တင်ပြ၍ မြေသိမ်းဆည်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ (ခ) မည်သည့်အကြောင်း ကြောင့်ဖြစ်စေ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေသိမ်းဆည်းခြင်းဆောင်ရွက်ပေးရာတွင် မြေကိုအသုံးပြုရန် အလိုရှိသောဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်သမ္မတရုံး သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ သဘောတူညီခွင့်ပြုချက်ကို ဦးစွာရယူရန်လိုအပ်ပြီး သိမ်းယူရန် ရည်ရွယ်သော မြေအတွင်း လယ်ယာမြေများပါဝင်နေပါက ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ အရ လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ခွင့်ပြုအမိန့်ရရှိရေးအတွက်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သမ္မတရုံး သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက်ရယူ၍လည်းကောင်း၊ ပြည်သူလူထုတို့မှ နေထိုင်အသုံးပြုလျက်ရှိသည့် မြေယာများဖြစ်ပါက လျော်ကြေးငွေများ ပေးအပ်၍ သက်ဆိုင်ရာကာယကံရှင်ပြည်သူတို့၏ သဘောတူညီချက်ရယူ၍လည်းကောင်း၊ မြေယာပြောင်းလဲအသုံးပြုမှုနှင့်ပတ်သက်၍ အငြင်းပွားမှုမရှိစေရေးအတွက်ကို ဆောင်ရွက်ပြီးမှသာ ၁၈၉၄ ခုနှစ် မြန်မာနိုင်ငံ မြေသိမ်းအက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မ ၁၆ အရ ခရိုင်အုပ်ချုပ်ရေးမှူးက မြေသိမ်းဆည်းခြင်းဆိုင်ရာများကို ဆက်လက်ဆောင်ရွက်ရကြောင်း (ဂ) ၁၈၉၄ ခုနှစ် မြန်မာနိုင်ငံမြေသိမ်းအက်ဥပဒေပုဒ်မ ၁၁ တွင် ဖော်ပြထားသည့်အတိုင်း ခရိုင်အုပ်ချုပ်ရေးမှူးက မြေသိမ်းဆောင်ရွက်ရန်လိုအပ်သည့် မြေဧရိယာအမှန်အခြေအနေ၊ လျော်ကြေးငွေအခြေအနေနဲ့ထင်မြင်ချက်၊ လျော်ကြေးငွေခွဲဝေပေးမှုတို့ကို လုပ်ထုံးလုပ်နည်းအတိုင်း သုံးသပ်ဆောင်ရွက်ရာ၌ ပုဒ်မ ၁၅ တွင် ဖော်ပြထားချက်အရ လျော်ကြေးငွေသတ်မှတ်ပေးရာတွင် ပုဒ်မ ၂၃၊ ၂၄ ပါ ပြဋ္ဌာန်းချက်များအတိုင်း ပြည်သူလူထု နစ်နာမှုမရှိစေရေး စိစစ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း (ဃ) မည်သည့်အကြောင်းပြချက်ဖြင့် မြေယာများကို သိမ်းဆည်းရသည့်အခါတွင်ဖြစ်စေ လိုက်နာဆောင်ရွက်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၁၇-၂-၂၀၁၀ ရက်စွဲပါစာအမှတ် ၄၂၅/၃-၂/နယကဖြင့် ညွှန်ကြားထားရာတွင် လျော်ကြေးငွေပေးရသည့် မြေယာနှင့်သီးနှံပင်များ၏ တန်ဖိုးသတ်မှတ်ပေးရန် ညွှန်ကြားထားသည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ ၂၅-၉-၂၀၁၁ ရက်စွဲပါစာအမှတ် ၁၀၇(၁)/၈/သမ္မတရုံးဖြင့် မြေသိမ်းဆည်းခြင်းဆိုင်ရာနဲ့ပတ်သက်၍ National Project မဟုတ်သည့် ကိစ္စများအား နှစ်ဦးနှစ်ဖက်ကြေနပ်အောင် စီမံဆောင်ရွက်ရန်၊ National Project ဖြစ်ပါကလည်း

စိုက်ခင်းများဖြစ်နေပါက ပြန်ပေးရန် သို့မဟုတ် လျော်ကြေးပေးရန်ဖြစ်ကြောင်း ညွှန်ကြားထားပါသဖြင့် မြေသိမ်းဆည်းခြင်းဆိုင်ရာကိစ္စအသီးသီးကို ဆောင်ရွက်ရာတွင် လျော်ကြေးငွေပေးအပ်ခြင်းကိစ္စသည် အလေးအနက်ထား ဂရုပြုဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စဖြစ်ကြောင်း ( င) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ပေးရသော တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ အဆင့်ဆင့်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများသည် မည်သည့် အကြောင်းကြောင့်ဖြစ်စေ အများပြည်သူတို့၏ မြေယာများကို မလွှဲမရှောင်သာ၍ သိမ်းဆည်းပေးရ မည်ဆိုပါက မြေယာနှင့်သီးနှံပင်များတန်ဖိုးအတွက် လျော်ကြေးပေးအပ်ခြင်းကို ၁၈၉၄ ခုနှစ် မြန်မာနိုင်ငံမြေသိမ်းအက်ဥပဒေအရလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်များအရ လည်းကောင်း ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ (စ) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာတော်မင်းကြီးများရုံး၏ ၁၈-၉-၁၈၆၅ ရက် ရက်စွဲပါ စာအမှတ်၊ ၃၉၅/၄၅၃/၂ မယ-ဂ/ ၆၅ ဖြင့် ထုတ်ပြန်ထားသော မြေသိမ်းမှုများအတွက် မြေလျော်ကြေး ပေးရန်ကိစ္စအမှာစာကိုလည်း လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်းကို ဖော်ပြထားရှိပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ လ ၁၈ ရက် ရက်စွဲပါစာအမှတ် ၃၀၀/၂-၄/ ဦး ၁ ဖြင့် ထုတ်ပြန်ထားသော မြေသိမ်းဆည်းခြင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များကို တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ခရိုင်နဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဆင့်ဆင့်ထိ သိရှိ ဆောင်ရွက်ရန် ညွှန်ကြားထားရှိပြီးဖြစ်တဲ့အပြင် ပြည်သူတစ်ရပ်လုံးသိရှိနိုင်ရန်အတွက် ပြည်သူ့လွှတ် တော်သို့ ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လုံလောက်ပါပြီ။ ထပ်ဆင့်မေးခွန်း မေးစရာမလိုပါဘူး။ နောက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားတဲ့အခါမှာလည်း သူမေးတဲ့အတိုင်းပဲ လွှတ်တော်သို့ ရှင်းလင်း တင်ပြနိုင်ခြင်းရှိမရှိ။ ရှိပါတယ်လို့ ဖြေလိုက်ရင် လုံလောက်ပါတယ်။ ဘယ်လိုရှိပါသလဲဆိုတဲ့အခါမှာ အခု ဦးစီးဌာနက ဒီလိုညွှန်ကြားချက်ထုတ်ပြန်ထားပါတယ်ဆိုပြီးတော့ Slide နဲ့ထိုးပြလိုက်ရင် ပြီးပါ တယ်။ လွှတ်တော်ထဲမှာ ဒီအမိန့်ကြော်ငြာစာကို ဖတ်ပြရတာ တခြားအချိန်တွေလည်း သွားပြီး အနှောင့်

အယူက်ဖြစ်နိုင်ပါတယ်။ နောင်ကျလို့ရှိရင် မေးတဲ့လူကမေးလို့ရှိရင် ဖြေတဲ့လူက ရှိပါတယ်ဆိုတဲ့အခါမှာ ဒီအမိန့်ကြော်ငြာစာဖော်ပြလိုက်ရင် ပြီးပါတယ်။

**ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိနေသည့် သက်တမ်းကြာမြင့်နေသော ကမ်းရိုးတန်းသွား ရေယာဉ်များအား စံချိန်ပြည့်မီသည့် ရေယာဉ်အသစ်များဖြင့် အစားထိုးပေးရန်နှင့် ခရီးသည်များအား ရေယာဉ်များနှင့်ပတ်သက်၍ သိသင့်သည်များကို ကြိုတင်အသိပေးခြင်းများပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ မတ်လ ၁၃ ရက်နေ့က နစ်မြုပ်ခဲ့တဲ့ အောင်တံခွန်(၃)သင်္ဘောနဲ့ပတ်သက်ပြီး ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ၄င်းသင်္ဘောမှာလိုက်ပါစီနင်းလာတဲ့ ခရီးသည် နှစ်ရာကျော်အနက် ခရီးသည် ၉၀ ကျော် သေဆုံးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ သင်္ဘောနစ်မြုပ်ခြင်းကို နမူနာထား၍ အခြားကိစ္စရပ်များတွင်လည်း ပြဿနာတစ်ရပ်ပေါ်ပေါက်ပြီးမှ ဖြေရှင်းဆောင်ရွက်ခြင်းထက် ပြဿနာမဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်ခြင်းမှာ အရေးပါကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။ လူ့အသက်များအပါအဝင် အခြားကြီးမားတဲ့ဆုံးရှုံးမှုများ ဖြစ်ပွားပြီးခါမှ သင်ခန်းစာအဖြစ် နောင်မဖြစ်မနေ ပြင်ဆင်ဆောင်ရွက်ရခြင်းမှာ ပေးဆပ်မှုကြီးမားလွန်းလှပါတယ်။ သို့ဖြစ်ပါ၍ လူ့အသက်ပေါင်းများစွာ ဆုံးရှုံးမှုနည်းနိုင်သမျှနည်းစေရေးအတွက် အောက်ပါမေးခွန်းများကို ရိုသေလေးစားရပါတဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ မေးခွန်း(၁) ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိနေတဲ့ သက်တမ်းကြာမြင့်နေပြီဖြစ်တဲ့ တရုတ်ပြည်ထုတ် ကမ်းရိုးတန်းသွားရေယာဉ်များအား စံချိန်ပြည့်မီတဲ့ ရေယာဉ်အသစ်များဖြင့် အစားထိုးပေးရန် အစီအစဉ်ရှိ/မရှိ၊ မေးခွန်း(၂) ပုဂ္ဂလိကပိုင်အမြန်ယာဉ်၊ ရှပ်ပြေးယာဉ်များနှင့် အစိုးရပိုင်ကမ်းရိုးတန်းသွား ရေယာဉ်များအား ခရီးသည်နှင့် ကုန်ပစ္စည်းအလေးချိန်များအလွန်အကျွံပိုမိုတင်ဆောင်ခြင်းများကို စနစ်တကျစီစဉ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းသို့အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန် စီမံထားမှုများ၊ အသက်ကယ်အင်္ကျီအပါအဝင် အရေးပေါ်အခြေအနေရှိပါက သင်္ဘောမှထွက်ခွာနိုင်ရန် အစီအစဉ်ထားမှုများ ခရီးသည်များအား ရေယာဉ်များနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ကြိုတင်အသိပေးခြင်း

များပြုလုပ်ပေးနိုင်ရန် ညွှန်ကြားချက်များ ထုတ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ ပြည်သူ့လွှတ်တော်သို့ တင်ပြထားတဲ့ မေးခွန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဟံစိန်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိတဲ့ သက်တမ်းကြာမြင့်နေပြီဖြစ်သော ကျွန်တော်တို့ ဒီတရုတ်ပြည်မှာတည်ဆောက်တဲ့ ကမ်းရိုးတန်းသွားရေယာဉ်တွေကို စံချိန်မီတဲ့ရေယာဉ်သစ်များနဲ့ အစားထိုးနိုင်ရေးအတွက် ကျွန်တော်တို့အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အောင်တံခွန်ရေယာဉ် (၃) ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ မတ်လ ၂၃ ရက်နေ့မှာပဲ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ကျွန်တော်တို့ မြန်မာနိုင်ငံဆိုင်ရာဂျပန် သံအမတ်ကြီး JICA က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီးတော့ ကျွန်တော်တို့ ရခိုင်ဒေသဟာ ရေကြောင်းပို့ဆောင်ရေးကို အဓိကအားထားနေရတဲ့ ဒေသဖြစ်တဲ့အတွက် ကမ်းရိုးတန်းနဲ့ပင်လယ်ဝဒေသကို ဖြတ်ကျော်သွားလာသယ်ယူပို့ဆောင်ပေးနေရပါကြောင်း။ လက်ရှိရခိုင်ဌာနခွဲမှာ သယ်ယူပို့ဆောင်ပေးလျက်ရှိတဲ့ ရေယာဉ် ၁၂ စီးခန့်သာရှိပြီးတော့ သက်တမ်းကြာမြင့်နေပြီဖြစ်တဲ့အတွက် ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရာမှာ ပိုမိုလုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဂျပန်အစိုးရအနေဖြင့် ရခိုင်ဒေသနဲ့ သင့်လျော်မည့် ရေယာဉ်တွေကို ကူညီဖြည့်ဆည်းပေးစေလိုကြောင်း ကျွန်တော်တို့တွေ့ဆုံညှိနှိုင်းခဲ့ပြီးတော့ သံအမတ်ကြီးထံသို့လည်း ကျွန်တော်တို့ ၂၄ ရက်နေ့မှာ အကူညီတောင်းခံတဲ့စာကို ပေးပို့ခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဂျပန်နိုင်ငံကနေပြီးတော့ ပြန်ကြားလာတာကတော့ သူတို့ဂျပန်နိုင်ငံအတွင်းမှာတော့ အသုံးပြုနေတဲ့ရေယာဉ်တွေနဲ့ ကျွန်တော်တို့အခုဒီမှာ အသုံးပြုမယ့်ဒေသနဲ့ပတ်သက်ပြီးတော့ ရေယာဉ်အဟောင်းတွေတော့ လောလောဆယ်ရှာဖွေမတွေ့ရှိသေးပါကြောင်းနဲ့ ရခိုင်ပြည်နယ်အတွင်းမှာ ရေကြောင်းသွားမှုလုပ်ငန်းတွေရဲ့ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့စပ်လျဉ်းပြီးတော့ လေ့လာ

ဆန်းစစ်ခြင်းလုပ်ငန်းဆောင်ရွက်ဖို့အတွက်ကို ဂျပန်နိုင်ငံက ကျွန်တော်တို့ Plus KNK က Mr.Yuji FUNATSU ဦးဆောင်တဲ့အဖွဲ့ဝင် ငါးဦးပါတဲ့အဖွဲ့ကို မြန်မာနိုင်ငံကို မေလ ၁၀ ရက်နေ့ကနေ မေလ ၂၀ ရက်နေ့အတွင်း စေလွှတ်ပြီးတော့ ဒီရေကြောင်း ပို့ဆောင်ရေးက ရေယာဉ်တွေကို လေ့လာစိစစ်သွားပေးပါမယ်ဖြစ်တဲ့အကြောင်း ပြန်ကြားလာပါတယ်။ ဒီအဖွဲ့က ကျွန်တော်တို့ ၁၀ ရက်နေ့က ရောက်လာပြီးတော့ ၁၂ ရက်နေ့ မနေ့ကပဲ ကျွန်တော်တို့ ရခိုင် ပြည်နယ်ကိုသွားပြီးတော့ ၁၅ ရက်နေ့အထိ ဒီရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်တွင်းရေကြောင်းက ရေယာဉ်တွေကို ကြည့်ရှုပြီးတော့ အဲဒီပြည်တွင်းရေကြောင်းရယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရယ် အဲဒီကတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ အစီရင်ခံစာကို ကျွန်တော်တို့ ဒီဂျပန်သံရုံးကနေတစ်ဆင့် တင်သွင်းပါမယ်။ အဲဒီအစီရင်ခံစာပေါ်ကရတဲ့အချက်တွေရယ် နောက် ကျွန်တော်တို့ ဝန်ကြီးဌာနအတွင်း ပြည်တွင်းရေကြောင်းနဲ့ ဆောင်ရွက်နေတဲ့ အချက်အလက်တွေပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ ရခိုင်ဒေသအတွင်းမှာသာမက ကျန်တဲ့ ပြည်တွင်းရေကြောင်းနေရာမှာရှိတဲ့ ကျွန်တော်တို့ ဟောင်းနွမ်းတဲ့ ကျွန်တော်တို့ ပြုပြင်ရန် မသင့်တော်တော့တဲ့ ရေယာဉ်တွေကို ဘယ်လိုအစားထိုးမလဲဆိုတဲ့ဟာတွေကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ နောက် ကျွန်တော်တို့ ပုဂ္ဂလိကပိုင် အမြန်ရေယာဉ်ရှုပ်ပြေးယာဉ်များနဲ့ ပတ်သက်ပြီးတော့ ရှုပ်ပြေးယာဉ်များရယ်၊ နောက်ကျွန်တော်တို့ အစိုးရပိုင်ကမ်းရိုးတန်းသွားရေယာဉ်များမှာ ခရီးသည်ကုန်စည်အလေးချိန်တွေ အလွန်အကျွံ ပိုမိုတင်ဆောင်နေခြင်းတွေကို စနစ်တကျ စီမံပေးနိုင်ဖို့အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနအား ခရီးသည်နှင့်ကုန်စည်တွေကို သတ်မှတ်ထားသည်ထက် ပိုမိုတင်ဆောင်ခြင်းမပြုဖို့ဆောင်ရွက်ထားတဲ့ စနစ်ဟာ ကျွန်တော်တို့အရင်ထဲကနေ သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ကြီးကြပ်ခြင်း၊ လိုက်နာရန်အားနည်းခြင်းတွေကရှိနေပါတယ်။ ဒါကြောင့်မို့လို့ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနက ရေယာဉ်များမှတ်ပုံတင်စဉ်ကပဲ ရေယာဉ်တွေမှာ ကုန်ဘယ်လောက်တင်ရမလဲဆိုတာကို ရေယာဉ်ရဲ့ တည်ငြိမ်မှု Stability Test အရစစ်ဆေးပြီးတော့ ရရှိလာတဲ့အဖြေအရ အများဆုံးတင်ဆောင်ခွင့်ပြုတဲ့ခရီးသည်အရေအတွက်ကို သတ်မှတ်ပေးပါတယ်။ နောက်တစ်ခါ အများဆုံးတင်ဆောင်ခွင့်ပြုတဲ့ ကုန်ပစ္စည်းအလေးချိန်ကိုလည်း ရေယာဉ်ရဲ့ကိုယ်ထည်ပိုင်းမှာ ရေလွတ်ပိုင်းသတ်မှတ်ချက်ကို ကန့်သတ်ပေးထားပါတယ်။ အများဆုံးတင်ဆောင်ခွင့်ပြုတဲ့ ခရီးသည်အရေအတွက်နဲ့ ကုန်လုပ်လိုင်းကိုလည်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အတည်ပြုထုတ်ပေးထားတဲ့ Certificate

Of Survey မှာထင်ရှားစွာ ထည့်သွင်းရိုက်နှိပ်ထားပြီးတော့ ဒီ Certificate ကို ရေယာဉ်မှာချိတ်ဆွဲထားရတာဖြစ်ပါတယ်။ ဒါ့အပြင် အခုပိုမိုပြီးတော့ ဒါကိုခရီးသည်တွေအနေနဲ့ သိရှိနိုင်ဖို့အတွက် ရေယာဉ်ရဲ့ ကိုယ်ထည်ပေါ်မှာလည်း ကျွန်တော်တို့ ရေလွတ်ပိုင်းသတ်မှတ်ချက်ဘယ်လောက်ရှိရမလဲ ဆိုတာကို ရေးသားဖော်ပြဖို့ကျွန်တော်တို့ ထပ်တိုးဆောင်ရွက်သွားဖို့လည်း စီစဉ်ထားပါပြီ။ တချို့နေရာတွေမှာလည်း ဆောင်ရွက်နေပြီးဖြစ်ပါတယ်။ ရေကြောင်းပို့ ဆောင်ရေးညွှန်ကြားရေးမှူး ဦးစီးဌာန အနေနဲ့ ရေယာဉ်ရဲ့ကြံ့ခိုင်မှု၊ အသက်ကယ်ပစ္စည်းများထားရှိမှုနဲ့ ရေလွတ်ပိုင်းရေးသားထားရှိမှုတွေကို စစ်ဆေးပြီးမှသာကျွန်တော်တို့ Certificate Of Survey ကို အတည်ပြုထုတ်ပေးပါတယ်။ ရေယာဉ်များအမှန်တစ်ကယ်ပြေးဆွဲချိန်မှာ ခွင့်ပြုခရီးသည်ထက် ပိုမိုတင်ဆောင်ခြင်း၊ ကုန်စည်များအား ရေလွတ်ပိုင်းနစ်မြုပ်သည်အထိတင်ဆောင်ခြင်းတို့ကို ရေယာဉ်ပိုင်ရှင် ရေယာဉ်မောင်းနှင်သူများနဲ့ ဒေသအလိုက်ဖွဲ့စည်းထားတဲ့ ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွေက ကြပ်မတ်စစ်ဆေးရမှာ ဖြစ်ပြီးတော့ Certificate Of Survey မှာကန့်သတ်ခွင့်ပြုပေးထားတဲ့ အရေအတွက်နဲ့ ရေလွတ်ပိုင်း အမှတ်တို့ကို ကျော်လွန်ခြင်းမရှိမှသာလျှင် ဆိပ်ကမ်းကနေ ထွက်ခွာခွင့်ပြုရမှာဖြစ်ပါတယ်။ ဒါခရီးသည်နှင့် ကုန်စည်များတင်ဆောင်ခြင်းအတွက် ရေယာဉ်စည်းကမ်းထိန်းသိမ်းခြင်းအဖွဲ့မှ ထိရောက်တဲ့ ကြပ်မတ်ကွပ်ကဲတဲ့စနစ်ကို လိုက်နာကျင့်သုံးသွားဖို့အတွက်ကိုလည်း ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာဒေသအာဏာပိုင်များနဲ့ ပေါင်းစပ်လုပ်ဆောင်လျက် ရှိပါတယ်။ အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန်စီမံထားမှု၊ အသက်ကယ်အင်္ကျီအပါအဝင် အရေးပေါ်အခြေအနေရှိပါက သင်္ဘောမှ ထွက်ခွာနိုင်ရန်စီစဉ်ထားမှု ခရီးသည်များအားရေယာဉ်များနှင့်ပတ်သက်ပြီးတော့ သိသင့်သိထိုက်သည်များကို ကြိုတင်အသိပေးခြင်းများပြုလုပ်ပေးနိုင်ရန် ညွှန်ကြားချက်များထုတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် ပတ်သက်ပြီးတော့ ရေယာဉ်ရဲ့အရေးပေါ်အခြေအနေမှာ အသုံးပြုနိုင်ဖို့ တင်ဆောင်ခွင့်ပြုထားတဲ့ ခရီးသည် အရေအတွက်နဲ့ကိုက်ညီတဲ့ သက်ကယ်အင်္ကျီတွေ၊ ထားရှိရမယ့်သက်မှတ်ချက်သည် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး ရေယာဉ်များလိုက်နာကျင့်သုံးရန် ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနက ကျွန်တော်တို့ သတ်မှတ်ပေးထားတဲ့စည်းကမ်းထဲမှာ နဂိုထဲကပါရှိပြီးသားဖြစ်ပါတယ်။ အရေးပေါ်အခြေအနေမှာ စီမံခန့်ခွဲဆောင်ရွက်ခြင်းကို အခြေခံသင်္ဘောသားသင်တန်းများမှာလည်း ထည့်သွင်းသင်ကြားပေးတဲ့ ဘာသာရပ်တစ်ခုဖြစ်ပါတယ်။ နောက်ခရီးသည်တင်ရေယာဉ်တွေ စီမံချက်နဲ့ ကျွန်တော်တို့ Safety Standard တိုးမြှင့်ဆောင်ရွက်ခြင်းကို Domestic Vessels Safety

Management System ခရီးသည်တင်ရေယာဉ်များ ဘေးကင်းလုံခြုံရေးအဆင့်တိုးမြှင့်ရေးစီမံချက်ကိုတော့ ကျွန်တော်တို့ မြစ်တွင်းသွား River Cruise နိုင်ငံခြားသားခရီးသည်တင်ရေယာဉ်များမှာ ၂၀၁၂ ခုနှစ်ကပင် စတင်ကျင့်သုံးစေလျက်ရှိပြီးတော့ အခြားခရီးသည်တင်ရေယာဉ် များမှာလည်း ဒီစနစ်ကို လိုက်နာကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဖြစ်ပေါ်ခဲ့တဲ့ အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်အရ ဒီစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာလည်း အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံချက်ကို အချက်သုံးချက်ထည့်သွင်းဖော်ပြထားပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ ရေယာဉ်ရဲ့တည်ဆောက်ထားမှုအပိုင်းတွေ ပြန်လည်စစ်ဆေးရန်လိုအပ်ပါက ပြန်လည်ပြင်ဆင်စေခြင်း၊ ရေယာဉ်မှာထားရှိရမယ့် အရေးပေါ်နှင့် အသက်ကယ်သုံးပစ္စည်းများထားရှိသည်ကို စစ်ဆေး၍ လိုအပ်သည်များထပ်မံဖြည့်ဆည်းစေခြင်း၊ အရေးပေါ်အခြေအနေအမျိုးမျိုးမှာ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ လုပ်ဆောင်ရမယ့်သူတစ်ဦးချင်းအလိုက် တာဝန်တွေကို ခွဲဝေသတ်မှတ်ပြီးတော့ လေ့ကျင့်စေခြင်းတို့ ပါဝင်ပါတယ်။ ဒီစီမံချက်အရ ရေယာဉ်ရဲ့တည်ဆောက်ပုံတွေကို ပြန်လည်စစ်ဆေးရာမှာ အရေးပေါ်အခြေအနေမှာ ခရီးသည်တွေဘေးကင်းစွာ ရေယာဉ်ပြင်ပသို့ ကယ်ထုတ်နိုင်ဖို့ ကျွန်တော်တို့ Emergency Exit အပေါက်က ကျွန်တော်တို့ လုံလောက်တဲ့အကျယ်အဝန်းတွေ စစ်ဆေးရမယ်။ စစ်ဆေးပြီးလို့ လိုအပ်လို့ရှိရင် ပြုပြင်တည်ဆောက်စေခြင်း၊ အသုံးပြုရမယ့် အသက်ကယ်အင်္ကျီနဲ့ မီးသတ်ပစ္စည်းကိရိယာတွေကို စစ်ဆေးပြီးတော့ ပြန်လည်ဖြည့်ဆည်းပေးခြင်း၊ ရေယာဉ်ကို ကြီးကြပ်အုပ်ချုပ်သူမှာ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ ဆက်သွယ်ရေးစနစ်နှင့် ကမ်းခြေအခြေပြုအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ရေယာဉ်ဝန်ထမ်းတစ်ဦးချင်းအလိုက် အရေးပေါ်အခြေအနေအမျိုးမျိုးမှာ လုပ်ဆောင်ရမယ့်တာဝန်တွေ သတ်မှတ်ပေးထားပြီးတော့ ခရီးသည်များကို စုဝေးရမယ့်နေရာ၊ အပြင်သို့ကယ်ထုတ်ရမယ့်ထွက်ပေါက်များအလိုက် တာဝန်ယူဆောင်ရွက်ရမယ့်သူတွေကို သတ်မှတ်လေ့ကျင့်ပေးခြင်းတို့ ပါဝင်ပါတယ်။ တာဝန်သတ်မှတ်ပေးသူရေယာဉ်ဝန်ထမ်းများမှာ ခရီးသည်များ ဘေးကင်းလုံခြုံရေးနှင့် အရေးပေါ်အခြေအနေမှာလုပ်ဆောင်ရမယ့်စုရပ်နေရာ၊ အသက်ကယ်အင်္ကျီဝတ်ဆင်ပုံ၊ အပြင်သို့ထွက်ရမည့် အရေးပေါ်ထွက်ပေါက် ဒါတွေကို ရေယာဉ်မထွက်ခွာမီ ရှင်းလင်းပြောကြားပေးရမှာဖြစ်ပြီးတော့ ဒီ Safety Management System စီမံချက်ကို မြန်မာဘာသာနဲ့ရိုက်နှိပ်ပြီးတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ရေယာဉ်ပိုင်ရှင်နှင့် သက်ဆိုင်သူတွေကို ရှင်းလင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရန်ကုန်

မြို့မှာ နှစ်ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးမှာ တစ်ကြိမ်၊ မန္တလေးတိုင်းဒေသကြီးမှာ တစ်ကြိမ်၊ ရခိုင်ပြည်နယ်မှာ တစ်ကြိမ် စတင်ပြီးတော့ ကျွန်တော်တို့ အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိပြီးတော့ အခြေခံသင်္ဘောသားမှစပြီးတော့ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖြန့်ဝေပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးများမှာရှိတဲ့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဦးစီးအရာရှိများက ဆင့်ပွားသင်တန်းတွေကို ဆက်လက်လုပ်ဆောင်ပေးသွားမှာဖြစ်ပြီးတော့ သက်ဆိုင်ရာရေယာဉ်ပိုင်ရှင်မောင်းနှင်သူ၊ သက်ဆိုင်ရာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် ခရီးသွားပြည်သူများပေါင်းစပ်အကောင်အထည်ဖော် လိုက်နာဆောင်ရွက်နိုင်ရန် ကြိုးစားလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ တစ်စပ်တစ်ဆက်တည်းမေးခွန်းမေးခွင့်ပြုပါ။ အစိုးရဝန်ကြီးဌာနအနေနဲ့ နစ်မြုပ်သွားတဲ့ အောင်တံခွန်အမှတ် (၃) သင်္ဘောကို ပြန်လည်ဆယ်ယူရန် အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ ဒီသင်္ဘောနစ်မြုပ်တဲ့အတွက်ကြောင့် အသက်သေဆုံးမှုတွေ၊ ထိခိုက်ဒဏ်ရာရရှိမှုတွေ ကုန်ပစ္စည်းဆုံးရှုံးမှုတွေအတွက် ဝန်ကြီးဌာနအနေနဲ့ လျော်ကြေးပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါတယ် ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထိရောက်တဲ့ဖြေကြားမှု တိုတိုနဲ့လိုရင်းဖြေပါ။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဒီအောင်တံခွန်(၃) ရေယာဉ်ကို ပြန်လည်ဆယ်ယူမယ်ဆိုပြီးတော့ ဒါဝန်ကြီးဌာနက ဆုံးဖြတ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ နောက် ကျွန်တော်တို့ ဒီအသက်သေဆုံးမှု၊ ကုန်ပစ္စည်းဆုံးရှုံးမှုများနဲ့ ပတ်သက်၍ ကျွန်တော်တို့ ခရီးသည်လက်မှတ်ပေါ်မှာသာ သူတစ်ပါးထိခိုက်မှုအာမခံထားတဲ့အတွက် ဒီအာမခံကြေးငွေငါးသိန်းကိုသာ လျော်ကြေးအဖြစ်ရမှာဖြစ်ပါတယ်။ ကျန်တဲ့အခုနက ကျွန်တော်တို့ လက်မှတ်ပေါ်မှာ အသက်အာမခံတို့၊ ကုန်ပစ္စည်းဆုံးရှုံးမှုအာမခံတို့ ထားခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ဒီဟာအတွက် လျော်ကြေးပေးရန် အစီအစဉ်မရှိကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။

**မှုကြမ်း**

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူများ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသူများအား ကျန်းမာရေးလိုအပ်ချက်၊ လူမှုရေးလိုအပ်ချက် စီမံဆောင်ရွက်ပေးရန် သွားရောက်ခဲ့သည့် အစီရင်ခံစာတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူများ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသူများအား ကျန်းမာရေးလိုအပ်ချက်၊ လူမှုရေးလိုအပ်ချက် စီမံဆောင်ရွက်ပေးရန် သွားရောက်ခဲ့ခြင်းနှင့် စပ်လျဉ်းပြီး အစီရင်ခံစာကို တင်သွင်းဖို့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဌေးနိုင်အား ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးချုပ်ဌေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီဝင် ဗိုလ်မှူးချုပ်ဌေးနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်အရ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသူများအား ကျန်းမာရေးလိုအပ်ချက်၊ လူမှုရေးလိုအပ်ချက် စီမံဆောင်ရွက်ပေးရန် သွားရောက်ခဲ့သည့် အစီရင်ခံစာအား ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

နိဒါန်းအနေနဲ့တင်ပြရင်တော့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းရဲ့ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ လောက်ကိုင်ဒေသတွင် ထိခိုက်ဒဏ်ရာရသော တပ်မတော်သားများအား ကြည့်ရှုအားပေးသည့် ပြင်ဦးလွင်ခရီးစဉ်တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ ကိုယ်လက်အင်္ဂါမသန်စွမ်း ဖြစ်ခဲ့ရသည့်ကိစ္စရပ်များအား လေ့လာ၍ လွှတ်တော်အနေဖြင့်လည်း ပြည်သူ့အကျိုးအတွက် မည်သို့အကျိုးပြုဆောင်ရွက်ပေးစေ လိုသည်များကို ပြန်လည်တင်ပြပေးရန် လမ်းညွှန်ချက်အပေါ် ပြည်သူ့လွှတ်တော်ရုံးရဲ့ ၂၂-၄-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(စဝ)၁/၂၀၁၅-၆၇ နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရဲ့ ၂၄-၄-၂၀၁၅ ရက်စွဲပါကြေးနန်းအမှတ်၊ ၇၆ဦး၁ နဲ့ ခွင့်ပြုချက်အရ ကျန်းမာရေးနှင့် လူမှုလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်အဖွဲ့ဟာ ၂၄-၄-၂၀၁၅ ရက်နေ့မှ ၃၀-၄-၂၀၁၅ ရက်နေ့အထိ ကျွန်တော် သွားရောက်ခဲ့ပါတယ်။ အဖွဲ့ဝင်များအဖြစ်တော့ ကျွန်တော်တို့ Slide မှာ တင်ပြတဲ့အတိုင်းဖြစ်ပါတယ်။

ရည်ရွယ်ချက်အနေနဲ့ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးသူလူနာများအား ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များ စီမံဆောင်ရွက်ပေးရန်ဖြစ်ပါတယ်။

ဆောင်ရွက်ချက်များအနေနဲ့ကတော့ ဧပြီလ ၂၅ ရက်နေ့မှာ ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမဆောင်မှာ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးရ၍ မသန်မစွမ်းဖြစ်နေရသူ ၁၁၁ ဦး၊ ၂၆-၄-၂၀၁၅ ရက်နေ့မှာ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှာ ကိုယ်လက်အင်္ဂါဆုံးရှုံးရ၍ မသန်မစွမ်းဖြစ်ရသူ စုစုပေါင်း ၅၉ ဦး၊ ၂၇-၄-၂၀၁၅ ရက်နေ့တွင် မုန်းဒေသ၊ မီးတိုင်တောကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကိုယ်လက်အင်္ဂါဆုံးရှုံးရ၍ မသန်မစွမ်းဖြစ်နေရသူစုစုပေါင်း ၁၈၈ ဦး စုစုပေါင်း ၃၅၈ ဦးနဲ့တွေ့ဆုံခဲ့ပါတယ်။ အဖွဲ့ဝင်များနဲ့လိုက်ပါသူများအနေနဲ့ တက်ရောက်လာတဲ့ မသန်မစွမ်းဖြစ်နေရတဲ့ပြည်သူများကို မိမိတို့အဖွဲ့လာရောက်သည့် အကြောင်းအရင်းများနှင့် ပြုလုပ်ဆောင်ရွက်ပေးမည့် အစီအမံများအား ဆွေးနွေးတင်ပြခဲ့ပါတယ်။

တင်ပြပါ မှတ်တမ်းဓာတ်ပုံများကတော့ သွားရောက်ခဲ့တဲ့ခရီးစဉ်မှာ တက်ရောက်ခဲ့တဲ့ ကိုယ်လက်အင်္ဂါဆုံးရှုံးခံခဲ့ရတဲ့ အပြစ်မဲ့ပြည်သူများဖြစ်ပြီး အသက်အရွယ်ကြီးရင့်သူများ၊ အမျိုးသမီးများ၊ သားသည်မိခင်များ၊ ကလေးများပါဝင်ကြောင်းတင်ပြအပ်ပါတယ်။ အချို့ ခြေတုကို မိမိအစီအစဉ်ဖြင့် သစ်၊ ဝါး၊ ကားတာယာများဖြင့် ပြုလုပ်အသုံးပြုနေတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ၂၅-၄-၂၀၁၅ ရက်နေ့မှာ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးနေရသူ ၅၁ ဦး၊ စစ်ဆင်ရေးဝန်ထမ်းတာဝန်ကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးရသူ ၄ ဦး၊ ပြည်သူ့စစ် ၁ ဦး၊ အငြိမ်းစားစစ်မှုထမ်း ၁၉ ဦး စုစုပေါင်း ၇၅ ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။ ၂၆-၄-၂၀၁၅ ရက်နေ့မှာ ကျွန်းပင်ဆိပ်ကျေးရွာမှာ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးနေရသူ ၄၈ ဦး၊ စစ်ဆင်ရေးဝန်ထမ်းတာဝန်ကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးရသူ ၇ ဦး၊ အငြိမ်းစားစစ်မှုထမ်းမသန်မစွမ်းသူ ၄ ဦး စုစုပေါင်း ၅၉ ဦး၊ ၂၇-၄-၂၀၁၅ ရက်နေ့မှာ မီးလောင်တောကျေးရွာအုပ်စု၊ ကော့ပြင်းကျေးရွာမှာ ကိုယ်လက်အင်္ဂါဆုံးရှုံးနေရသူ ၁၆၉ ဦး၊ စစ်ဆင်ရေးဝန်ထမ်းတာဝန်ကြောင့်

ကိုယ်လက်အင်္ဂါဆုံးရှုံးရသူ ၁၁ ဦး၊ အငြိမ်းစားစစ်မှုထမ်းကိုယ်လက်အင်္ဂါမသန်စွမ်းသူ ၈ ဦး စုစုပေါင်း ၁၈၈ ဦးကို တစ်ဦးချင်းတွေ့ဆုံခဲ့ပြီးတော့ ခြေတုအခြေအနေစစ်ဆေးခြင်း၊ လဲလှယ်ပြုပြင်တပ်ဆင်ပေးရန် လိုအပ်သည်များညွှန်ကြားခြင်း၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များ မေးမြန်းမှတ်တမ်းရယူခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ကိုယ်လက်အင်္ဂါဆုံးရှုံးသူများအတွက် အထောက်အကူပစ္စည်းများဖြင့် ကျွန်တော်တို့အဖွဲ့အနေနဲ့ ချိုင်းထောက် ၁၂ ချောင်း၊ လက်ထောက် ၃ ခု၊ ဘီးတပ်ကုလားထိုင် ၅ ခုနဲ့ ချိုင်းထောက်အစွပ် ၂ ခုပေးအပ်ခဲ့ပါတယ်။ ဧပြီလ ၃၀ ရက်နေ့မှာ ရန်ကုန်မြို့ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံသို့သွားရောက်ခဲ့ပြီး ဆေးရုံအုပ်ကြီးနှင့် တွေ့ဆုံပြီးတော့ ကျောက်ကြီးမြို့နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးရသူလူနာများအား ကျန်းမာရေးစောင့်ရှောက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

ကျောက်ကြီးဒေသအတွင်း အရပ်ဖက်အဖွဲ့အစည်းများဆောင်ရွက်မှုအခြေအနေကို တင်ပြပါမယ်။ ကျောက်ကြီးဒေသအတွင်း အရပ်ဖက်အဖွဲ့အစည်းများဆောင်ရွက်မှုအနေဖြင့် ICRC အဖွဲ့အနေနဲ့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ တောင်ကလေးအခြေစိုက် ခြေတုလက်တုအလုပ်ရုံအနေဖြင့် ကျောက်ကြီးဒေသအတွင်းရှိ ခြေတုလက်တုတပ်ဆင်လိုသူများကို ဆေးရုံမှာအခမဲ့တပ်ဆင်ပေးခြင်း၊ အသွားအပြန်စရိတ်၊ ကုန်ကျစရိတ်များ ထောက်ပံ့ပေးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ကျောက်ကြီးဒေသသို့ ခြောက်လတစ်ကြိမ် လာရောက်ပြီးတော့ ခြေတုပြုပြင်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းအနေနဲ့ ကျောက်ကြီးမြို့နယ်၊ မုန်းမြို့နယ်မှာ ရုံးခွဲတစ်ခုဖွင့်လှစ်ထားပြီး မသန်စွမ်းသူများအား အသင်းဝင်ကြေး ၁၀၀၀၊ နှစ်စဉ်ကြေး ၅၀၀ နှင့် အသင်းဝင်ခွင့်ပြုပြီးတော့ နှစ်စဉ် မသန်စွမ်းသူများရဲ့ ကျောင်းနေရွယ်ကလေးများကို ထောက်ပံ့ပေးခြင်း၊ ခြေတုတပ်ဆင်ပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် မုန်းဒေသမှာ ခြေတုဒူးအောက် ၃၀ ဦးနှင့် ဒူးအထက် ၁၀ ဦးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

The Leprosy Mission Myanmar အနေနဲ့ တောင်ငူမြို့မှာ ရုံးခွဲဖွင့်လှစ်ထားပြီးတော့ Mobile Track ဖြင့် ခြေတုတပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကျောက်ကြီး၊ မုန်း၊ ထန်းတပင်မြို့များတွင် ခြေတုတပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလနှင့် မတ်လအတွင်းမှာ ကျောက်ကြီးမြို့နယ်အတွင်း ဒူးအောက်ပိုင်း ခြေတု ၁၇ ခုတပ်ဆင်ပေးခဲ့ကြောင်း သိရပါတယ်။ မိုင်းအသိပညာပေးအဖွဲ့ (MAG)အနေနဲ့ ၂၀၁၅ ခုနှစ် မတ်လ

၂၆ ရက်နေ့မှာ လူမှုဝန်ထမ်းဦးစီးဌာနနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီးတော့ မကြာမီကာလအတွင်း ကျောက်ကြီးမြို့နယ်တွင် ရုံးခွဲဖွင့်လှစ်ကာ မိုင်းအသိပညာပေးရေး၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကူညီပံ့ပိုးရေးများဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်အဖွဲ့များအနေနဲ့ တွေ့ရှိချက်များကို တင်ပြရမယ်ဆိုလို့ရှိရင် ကျောက်ကြီးမြို့နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးရသူ စုစုပေါင်း ၃၅၈ ဦးရှိတဲ့အနက် ၃၂၁ ဦးအား တစ်ဦးချင်းတွေ့ဆုံနိုင်ခဲ့ပြီး တွေ့ဆုံခဲ့သော မသန်စွမ်းသူများအား ဆောင်ရွက်ပေးရန် လိုအပ်မှုမှာ ခြေတုလဲလှယ်ပေးရန် ၄၈ ဦး၊ ခြေဖဝါးလဲလှယ်ပေးရန် ၃၂ ဦး၊ လက်တုလဲလှယ်ပေးရန် ဆောင်ရွက်ပေးရန် ၈ ဦး၊ ခါးပတ်ဒူးကျိုးလဲရန်အတွက် ၂၁ ဦးဖြစ်ပြီးတော့ အထောက်အကူပစ္စည်းလိုအပ်မှုမှာတော့ ချိုင်းထောက် ၉ ချောင်း၊ လက်ထောက် ၂ ခုနှင့် ဘီးတပ်ကုလားထိုင် ၅ ခုဖြစ်ကြောင်း သိရှိရပါတယ်။ တွေ့ဆုံခဲ့တဲ့ မသန်စွမ်းသူများမှာ အမျိုးသား ၂၄၁ ဦး ၈၂.၁ ရာခိုင်နှုန်းဖြစ်ပါတယ်။ အမျိုးသမီး ၅၀ ဦး ၁၇.၉ ရာခိုင်နှုန်းပါဝင်ပါတယ်။ အမျိုးသားအများစုမှာတော့ အိမ်ထောင်သည်များဖြစ်ပြီးတော့ ၉၀ ရာခိုင်နှုန်းမှာ ကျပန်းလုပ်ကိုင်စားသောက်နေထိုင်ကြသူများဖြစ်ပြီး အများအားဖြင့် ဆင်းရဲနွမ်းပါးကြပါတယ်။ ကိုယ်လက်အင်္ဂါဆုံးရှုံးရသူများကို လေ့လာကြည့်ပါက မိုင်းထိခိုက်မှုကြောင့် ၉၀.၇ ရာခိုင်နှုန်း၊ မတော်တဆမှုကြောင့် ၂.၉ ရာခိုင်နှုန်း မွေးရာပါ ၂ ရာခိုင်နှုန်း၊ ရောဂါကြောင့် ၁.၅ ရာခိုင်နှုန်း ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ သုံးသပ်ချက်အနေနဲ့တင်ပြရရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဟာ ၂၅-၄-၂၀၁၅ ရက်နေ့မှ ၂၇-၄-၂၀၁၅ ရက်နေ့အထိ ကျောက်ကြီးမြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးကြ၍ မသန်စွမ်းသူစုစုပေါင်း ၂၆၈ ဦး၊ စစ်ဆင်ရေးဝန်ထမ်းတာဝန်ကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးရသူ ၂၃ ဦး၊ ပြည်သူ့စစ် ၁ ဦး၊ အငြိမ်းစားစစ်မှုထမ်း မသန်မစွမ်းသူ ၃၁ ဦး စုစုပေါင်း ၃၂၁ ဦးနှင့်တွေ့ဆုံနိုင်ခဲ့တဲ့အတွက် ကျောက်ကြီးမြို့နယ်အတွင်း စာရင်းရှိ မသန်မစွမ်းသူ စုစုပေါင်းရဲ့ ၈၉.၆ ရာခိုင်နှုန်းကို တွေ့ဆုံနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မသန်မစွမ်းဖြစ်ရသူများ အများစုမှာ ကျပန်းလုပ်ကိုင်စားသောက်နေရ၍ နွမ်းပါးသူများဖြစ်ကြတဲ့အတွက် မသန်မစွမ်းသူများဥပဒေပြဋ္ဌာန်းပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများခံစားရရှိနိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်အပ်ပါတယ်။

**မူကြမ်း**

အကြံပြုချက်များအနေနဲ့တင်ပြရရင် ကျောက်ကြီးမြို့နယ်အတွင်းရှိ မသန်စွမ်းသူများရဲ့ လူနေမှုဘဝမြင့်တင်နိုင်ရေးအတွက် အောက်ပါအချက်များဆောင်ရွက်ပေးရန် အကြံပြုတင်ပြအပ်ပါတယ်။ ကျောက်ကြီးမြို့နယ်အတွင်းရှိ မသန်စွမ်းသူများ၏ ပျက်စီးနေသော ခြေတု၊ ခြေဖဝါးများ အမြန်ဆုံးလဲလှယ်ပေးရန်၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ မသန်စွမ်းသူများ၏ ခြေတု၊ လက်တုဆိုင်ရာ အထောက်အကူပစ္စည်းများ၊ လိုအပ်ချက်များ အမြန်ဆုံးဖြည့်ဆည်းပေးရန် ကျောက်ကြီးမြို့နယ်ဟာ မသန်စွမ်းသူများ အများဆုံးရှိတဲ့ဒေသဖြစ်တဲ့အတွက် ခြေတုပြင်ဆင်ရေးဌာနများသို့ သွားရောက်ရန် အခက်အခဲရှိကြတဲ့အတွက် ခြေတုပြင်ဆင်ရေးပညာရှင်များပါဝင်သော အဖွဲ့များ ခြောက်လတစ်ကြိမ် အနည်းဆုံးသွားရောက်စစ်ဆေးပြုပြင်ပေးရန်၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ မသန်စွမ်းသူများ၏ လူနေမှုဘဝမြင့်တင်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်ရန်၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ မသန်စွမ်းသူများ၏ လူနေမှုဘဝမြင့်တင်နိုင်ရန်အတွက် အသက်မွေးမှုပညာသင်တန်းများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကျောက်ကြီးမြို့နယ်အတွင်း လာရောက်ဖွင့်လှစ်ပို့ချနိုင်ရေးစီမံပေးရန်၊ မသန်စွမ်းသူများလုပ်ကိုင်နိုင်မည့်လုပ်ငန်းများ ဥပမာ- အထည်ချုပ်စက်ရုံများအား ကျောက်ကြီးဒေသအတွင်း ဖွင့်လှစ်နိုင်ရေးအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်ရန်၊ သမဝါယမဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသည့် မတည်ချေးငွေရရှိရေး မသန်စွမ်းသူများ လုပ်ကိုင်နိုင်မည့် အသေးစားအိမ်တွင်းမှုလုပ်ငန်းများအား ကျောက်ကြီးမြို့နယ်အတွင်း ဖွင့်လှစ်တည်ထောင်နိုင်ရေးအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဌာနတို့ညှိနှိုင်းဆောင်ရွက်ရန်၊ အမျိုးသားပြန်လည် သန်စွမ်းရေးဆေးရုံအား လက်ရှိ ခုတင် ၅၀ သာရှိတဲ့အတွက် အမျိုးသားအဆင့်ဖြင့် မလုံလောက်တဲ့အတွက် ခုတင် ၃၀၀ အဆင့်သို့ တိုးမြှင့်နိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ထည့်သွင်းဆောင်ရွက်နိုင်ရန်၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံအတွက် ဘဏ္ဍာငွေခွဲဝေမှု ယခုထက် ပိုမိုခွဲဝေပေးရန်၊ မြေမြှုပ်မိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းဖြင့် ဆေးရုံတက်နေစဉ်ကာလအတွင်း မိသားစုဝင်များ စားဝတ်နေရေးအပြင် ဆေးကုသရေးအတွက်ပါ ငွေကြေးကုန်ကျရသဖြင့် နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာမိသားစုများအား ထိုက်သင့်သော ထောက်ပံ့မှုများရရှိနိုင်ရေး စီမံပေးရန်၊ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခ

ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု ကိုယ်လက်အင်္ဂါဆုံးရှုံးမှုများမှာ အပြစ်မဲ့ပြည်သူများအတွက် လွန်စွာနစ်နာသဖြင့် မြေမြှုပ်မိုင်းကင်းစင်စေရေး သက်ဆိုင်ရာဌာနများနှင့် သက်ဆိုင်သူများမှ အမြန်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျောက်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများရဲ့တင်ပြချက်အရ အောက်ပါအတိုင်း ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ကျွန်းပင်ဆိပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု တည်ဆောက်ပေးနိုင်ရေးအတွက် ကျန်းမာရေးဦးစီးဌာန၏ ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြခွင့်ရရှိရေး၊ ကျွန်းပင်ဆိပ်ကျေးရွာ အခြေခံမူလတန်းလွန်ကျောင်း ပြုပြင်မွမ်းမံရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြခွင့်ရရှိရေး၊ ကျောက်ကြီးမြို့နယ်မှာ သစ်ဆိပ်ပင်ကျေးရွာသို့ သွားရောက်သည့် ကျေးရွာချင်းဆက်လမ်းများနှင့် မုန်းမြို့ တိုင်တောကျေးရွာအုပ်စုရှိ ကျောက်တွင်းကျေးရွာကျေးရွာချင်းဆက်လမ်းများအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတင်ပြနိုင်ရေး၊ ကျေးရွာများ သောက်သုံးရေရရှိရေးအတွက် ကျေးရွာတစ်ရွာစီတွင် စက်ရေတွင်းများ တူးဖော်နိုင်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြခွင့်ရရှိရေး၊ ကျေးရွာအများစုမှာ လျှပ်စစ်မီးမရရှိသည့်အတွက် ကျေးရွာများမှာ Solar မီးရရှိရေးအတွက် ဆောင်ရွက်ပေးရေး၊ မွေးမြူရေး၊ ရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်နိုင်ရေးတို့ဖြစ်ပါတယ်။

နိဂုံးအနေနဲ့တင်ပြရမယ်ဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းရဲ့ လမ်းညွှန်ချက်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများအားတွေ့ဆုံနိုင်ခဲ့ပြီး ကျန်းမာရေးလိုအပ်ချက်၊ လူမှုရေးလိုအပ်ချက်များ လေ့လာဆန်းစစ်နိုင်ခဲ့ပါတယ်။ လေ့လာဆန်းစစ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများပူးပေါင်း၍ ကျောက်ကြီးဒေသတွင်သာမက မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိပြီး ကိုယ်လက်အင်္ဂါဆုံးရှုံးရသည့်ဒေသများအား ကျန်းမာရေးလိုအပ်ချက်၊ လူမှုရေးလိုအပ်ချက်များ အလုပ်အကိုင်ရရှိရေးများ အမြန်ဆုံးဖြည့်ဆည်းပေးရန် လိုအပ်မှာပင်ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အရပ်ဖက်အဖွဲ့အစည်းများမှာလည်း မသန်စွမ်းသူများနှင့်ပတ်သက်ပြီး ထားရှိသောရည်မှန်းချက်များကို အမြန်ဆုံးအကောင်အထည်

ဖော်ဆောင်ရွက်ရန်လိုအပ်ပါတယ်။ အခု ကျောက်ကြီးဒေသသည် မသန်စွမ်းသူများဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ မြေမြှုပ်မိုင်းဒဏ်ကြောင့် ၉၁.၇ ရာခိုင်နှုန်းဖြစ်သဖြင့် မြေမြှုပ်မိုင်းကင်းစင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ သက်ဆိုင်သူများက အမြန်ဆုံးပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း လေးစားစွာဖြင့် ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုလို ဗိုလ်မှူးချုပ်ဒွေးနိုင်နှင့်အဖွဲ့ ကျောက်ကြီးဒေသ သွားရောက်ပြီး အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသူများ၊ ကျန်းမာရေးလိုအပ်ချက်များလို့ ဖော်ပြထားပေမယ့် အဓိကကတော့ ပြည်တွင်းစစ်ဒဏ်ကို ကျွန်တော်တို့ တိုင်းရင်းသားများ မည်မျှအထိခံစားနေရတယ်ဆိုတာကို ဒီနေ့ ရုပ်ပုံကားချပ်များကြည့်မယ်ဆိုရင် ဝမ်းနည်းဖွယ်ရာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီခရီးစဉ်ကြောင့် ထိခိုက်ဒဏ်ရာရ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးတဲ့ သူများကို ရည်ရွယ်ချက်ရှိရှိဆောင်ရွက်တဲ့နေရာမှာ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဒီအဖွဲ့ကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်မှတ်တမ်းပြုရမှာဖြစ်ပါတယ်။ ဒီထက်ပိုပြီးတော့ ကျွန်တော်တို့အတွက် သင်ခန်းစာနဲ့ ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စကတော့ ဒီနေ့ဖြစ်ပေါ်နေတဲ့ ပြည်တွင်းစစ်ကြောင့် အပြစ်မဲ့တဲ့ပြည်သူတွေ များစွာဒုက္ခရောက်နေတယ်။ သူတို့နဲ့ဆက်စပ်တဲ့ သားသမီးတွေ၊ ဆွေမျိုးတွေ များစွာဒုက္ခရောက်နေပါတယ်။ ဒီလိုမဖြစ်ရလေအောင် ကျွန်တော်တို့လွှတ်တော်က အဓိကထားဆောင်ရွက်နေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးကို ပြည်သူများနှင့်အတူ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက ဖြစ်မြောက်အောင်ဆောင်ရွက်ရေးအတွက် ဒီနေ့ ကျွန်တော်တို့အတွက် အရေးကြီးဆုံးတာဝန်တစ်ခုဖြစ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ်၊ ဘယ်အဖွဲ့အစည်းကြောင့်ပဲဖြစ်ဖြစ် နောက်ဆုံး မြေဇာခံရတာကတော့ ကျွန်တော်တို့ ပြည်သူများပဲ ဖြစ်ပါတယ်။ ဒီဒေသမှာ ကရင်တိုင်းရင်းသားများ၊ ပအိုဝ့်တိုင်းရင်းသားများ၊ ရှမ်းတိုင်းရင်းသားများ၊ မြန်မာတိုင်းရင်းသားများ ရှိကြပါတယ်။ ဒီနေ့ အများဆုံး ထိခိုက်ဒဏ်ရာရတဲ့အထဲမှာတော့ ကရင်တိုင်းရင်းသားများ အများဆုံးဖြစ်တယ်ဆိုတာကို ဝမ်းနည်းစွာ တွေ့ရှိရမှာဖြစ်ပါတယ်။

**မူကြမ်း**

အဲဒီလိုပဲ ဒီနေ့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ ပြည်တွင်းစစ် သို့မဟုတ်ရင် လက်နက်ကိုင် ပဋိပက္ခဒဏ်ကြောင့် မည်မျှအထိ ထိခိုက်ဒုက္ခရောက်ရှိနေတယ်ဆိုတာကို အားလုံးသိရှိမှာ ဖြစ်ပါတယ်။ အခုနက ဗိုလ်မှူးချုပ်ဌေးနိုင်တင်ပြသလို လောက်ကိုင်ဒေသမှာဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရရှိနေတဲ့ တပ်မတော်သားကိုယ်စားလှယ်များ ပြင်ဦးလွင်တပ်မတော်ဆေးရုံမှာ သွားရောက်ဆေးကုသစဉ်မှာ အခုလို ပြန်လည်သုံးသပ်တဲ့အခါကျတော့ တပ်မတော်သားများအပြင် ကျွန်တော်တို့ပြည်သူတွေ များစွာဒုက္ခရောက်နေတာရှိနေတယ်။ ကျွန်တော်တို့ အကျွမ်းဝင်ခဲ့တဲ့ ကျောက်ကြီး၊ ရွှေကျင်ဒေသမှာလည်း များစွာရှိနေဦးမယ်။ ဒါကြောင့်မို့လို့ အဲဒီနေ့ ခရီးစဉ်မှာပါလာတဲ့ ဦးဉာဏ်ဆွေဝင်းတို့၊ ဗိုလ်မှူးချုပ်ဌေးနိုင်။ ဗိုလ်မှူးချုပ်ဌေးနိုင်ဆိုလို့ရှိရင် အခုနက ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်လို့ သူတို့နှစ်ယောက်ကို တာဝန်ပေးစီစဉ်ပြီးတော့ လွှတ်လိုက်တဲ့နေရာမှာ အခုလို ရည်ရွယ်ချက်ကို ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်တဲ့အတွက် ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အတိုင်းအတာတစ်ခုအထိ ဝမ်းမြောက်မှာဖြစ်ပါတယ်။ သူရဲ့အစီရင်ခံစာအတိုချုပ်မှာဆိုရင် ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၉ ရွာမှ ခြေလက်အင်္ဂါစွန့်လွှတ်ခဲ့သူ ၃၅၇ ဦးတို့ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်မှ ၂၇ ရက်နေ့အထိ မသန်စွမ်းမှုအထောက်အကူပစ္စည်းကိရိယာများ ထောက်ပံ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ခရီးစရိတ်၊ စားစရိတ်များ ထောက်ပံ့ပေးခြင်းများကို ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ကျောက်ကြီးမြို့မှာ ၁၁၁ ဦး၊ ကျွန်းပင်ဆိပ်ကျေးရွာမှာ ၅၈ ဦး၊ ကော့ပြင်းကျေးရွာအုပ်စုမှာ ၁၈၈ ဦး စုစုပေါင်း ၃၅၇ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးတော့ ချိုင်းထောက် ၁၀ ချောင်း၊ လက်ထောက် ငါးချောင်း၊ တုတ်ကောက် ငါးချောင်း၊ ပိုးချဲ့ငါးခု တပ်ဆင်ပေးပြီးတော့ အခြားကိစ္စများလည်း ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။ ခရီးစဉ်က ပြန်လာတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ပိုးချဲ့ ငါးစီးတောင် ထောက်ပံ့ပေးတဲ့အတွက် အင်မတန်မှ ကောင်းမွန်တဲ့ကိစ္စတစ်ခုဖြစ်တယ်လို့ ပြောတဲ့အခါမှာ တာဝန်ခံခေါင်းဆောင်ကနေပြီးတော့ ကားမဆံ့လို့ ကျွန်တော်တို့ ချန်ခဲ့ရတာပါ။ ဒီ့ထက်လည်း ထောက်ပံ့ပေးဖို့လည်း လိုပါတယ်လို့ ပြောပါတယ်။ ဒါကြောင့်မို့လို့ ဒီခရီးစဉ်ကိုသွားတဲ့နေရာမှာ စေတနာကောင်းကောင်း၊ ရည်ရွယ်ချက် ကောင်းကောင်းဖြင့် ဆောင်ရွက်ပေးကြတဲ့ ကျွန်တော်တို့လွှတ်တော်က ကိုယ်စားလှယ်များရော၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများရော၊ NGO အဖွဲ့များရော ကျွန်တော်တို့ လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ဂုဏ်ပြုရမှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ လွှတ်တော်အနေနဲ့ ဒီလိုကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ပေးပြီး နောက်ဆုံးအခြေအနေကတော့

**မူကြမ်း**

တကယ့်ကိုလိုအပ်နေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးတွေကို ပါးစပ်က အပြောမဟုတ်ဘဲနဲ့ လက်တွေ့ကျကျဆောင်ရွက်နေဖို့လိုပါတယ်။ တစ်ဖက်နှင့်တစ်ဖက် ရိုးသားစွာပြောဆိုဆွေးနွေးခြင်း၊ လေးလေးစားစားဆောင်ရွက်ခြင်း၊ မျှမျှတတ ပြောဆိုဆွေးနွေးခြင်းဟာ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော် နိဂုံးတင်ပြချင်တာက အခု ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ပေးခဲ့ကြတဲ့၊ ပါဝင်ကြတဲ့ပုဂ္ဂိုလ်များကို ကျွန်တော်တို့လွှတ်တော်အနေနဲ့ ဂုဏ်ပြုမှတ်တမ်းတင်ပါတယ်။ ယခုကဲ့သို့ အလားတူကိစ္စများကိုလည်း လွှတ်တော်အနေနဲ့ နိုင်သလောက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီအခါမှာလည်း လွှတ်တော်ကိုယ်စားများအနေနဲ့ ပူးပေါင်းပါဝင်ကြဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ဦးသိန်းညွန့် တင်သွင်းတဲ့ အစီအစဉ်ကတော့ ဒီနေ့ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲနဲ့။ နောင် လွှတ်တော်အစီအစဉ်များ၌ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၄၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၆)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နေ့နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**